www.burmeseclassic.com



# သချိုင်းကုန်းမှ ဖုန်းခေါ်သံ



ဒဿကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

# ဒဿကျော်စွာ

# သင်္ချိုင်းကုန်းမှ ဖုန်းခေါ်သံ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၁၄၁၅၀၉၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၁၃၀၆၀၉၀၈
ပုံနှိပ်ခြင်း ။ အောက်တိုဘာလ၊ ၂၀၀၈

ထုတ်ဝေသူ
။
ဦးစန်းမွန်အောင်
(ငါတို့စာပေ)
75 (D) ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
။
မမေသက်ခိုင်
(ပြည့်စုံပုံနှိပ်တိုက်)

အုပ်ရေ
၅၀၀

တန်ဖိုး ။ ၁၅၀၀ ကျပ်



ညသန်းခေါင်ယံ
၁၂နာရီဟိုတိအချိန်တွင်
တယ်လီဖုန်းသံမြည်လာလေ၏။

✱

အဆက်မပြတ်၊

စူးစူးရှရှမြည်နေသော ဖုန်းသံကြောင့် သူဇော နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။

မီးတွေပျက်နေသဖြင့် အားလုံးမှောင်အတိကျ နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြီးရှာမှ ခုတင်ခေါင်းရင်းတွင် လက်နှိပ်ဓာတ်မီးကို ရှာတွေ့သည်။

တယ်လီဖုန်းသံမှာ မြည်နေဆဲ။

တိုင်ကပ်နာရီကို ဓာတ်မီးဖြင့် ထိုးကြည့်လိုက်တော့ ၁၂နာရီထိုးနေပြီ ဖြစ်ကြောင်း တွေ့၏။

ဒီအချိန်ကြီး ဘယ်သူက ဖုန်းဆက်တာပါလိမ့်မလဲ။ တွေးရင်း အိပ်ခန်းထောင့်မှန်တင်ခုံပေါ်မှ မျက်မှန်ကို ကောက်ယူတပ်ဆင်ကာ ဧည့်ခန်းရှိ တယ်လီဖုန်းထားရာဆီ လျှောက်လာခဲ့သည်။

အချိန်အတော်ကြာပြီဖြစ်သော်လဲ တယ်လီဖုန်းခေါ်သံမှာ မရပ်သေးပါ။

သူဇော် စိတ်တိုတိုနှင့် ဖုန်းကို ဆောင့်ကြီးအောင့်ကြီး ကောက်ကိုင်လိုက်လေ၏။

"ဟယ်လို၊ ပြောပါ"

တစ်ဘက်မှ ဘာမှပြန်မပြော။ ဒေါသဖြစ်လာပြီး အသံကျယ်ကျယ်ဖြင့် ထပ်အော်လိုက်သည်။

"ဟယ်လို"



ဘာသံမှ မကြားရပြန်။ သူဇော်ဖုန်းခွက်ကို ပြန်ချတော့မည်ပြု၏။ ထိုမှာပင် ဖုန်းထဲမှ ကြားလိုက်သလိုရှိသည့် အသံတစ်သံကြောင့် နားစိုက်ထောင်မိလေသည်။

✸

www.burmeseclassic.com

www.burmeseclassic.com



မဂ

ကို

ထး အသံက အရှမ်းတိုးညှင်းလွန်း၏။ တယ်လီဖုန်း

နားနှင့် အတင်းဖိကပ်ကာ အာရုံစိုက်ထား

ခေါ့။

တစ်ဘက်မှ အသံထပ်ပြုပြန်၏။

"ဟယ်လို"

ဆိုသော အသံဖြစ်လိမ့်မည် ထင်သည်။

ကြားလိုက်ရခြင်းမှာပင် ဘာကြောင့်ရယ်မသိ သူဇော် တစ်ကိုယ်လုံး ကြက်သီးတွေထသွားသည်။



လူတစ်ယောက် စကားပြောသော အသံထက် တိရစ္ဆာန်တစ်ကောင် နာနာကျင်ကျင်အော်မြည်သံနှင့်မျိုးနှင့် တူနေသည်။

"ကျယ်ကျယ်လေးပြောပါလား၊ သိပ်မကြားရလို့"

"သူဇော် ... သူဇော်"

ဟု နှစ်ခွန်းထပ်ခေါ်လေသည်။

"ဟုတ်ကဲ့ ... ပြောပါ"

"ခေါ်နေတာကြားလား"

တစ်ဘက်မှ အသံနည်းနည်းကျယ်လာ၏။ သူဇော်က ...

"ကြားပါတယ်"

"ငါဆက်သွယ်နေတာကြာပြီ၊ အခုမှ ရတော့တယ်"

ပီပီသသ ကြားလာရပြီဖြစ်သော်လည်း ခုထိ ယောကျ်ားသံလား မိန်းမသံလား မသဲမကွဲသေး။

"ဘာကိစ္စရှိလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အရေးအရမ်းကြီးတဲ့ ကိစ္စပေါ့"

"ခင်ဗျားက ဘယ်သူလဲ"

အသိအကျွမ်းတွေထဲကများလားဟု သိချင်မိသည်။

"သိချင်လို့လား"

"ဟာ၊ ကိုယ့်ဆီဖုန်းဆက်တာပဲ၊ ဘယ်သူလဲဆိုတာ သိချင်တာပေါ့၊ နေပါဦး။ လာနောက်နေတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး"

"ခင်ဗျားအသံကို ဒီထပ်ကျယ်ကျယ်ပြောလို့ မရဘူးလား"

"ဒါမကျယ်သေးဘူးလား"

အသံက တဖြည်းဖြည်းတော်တော်တော့ ကျယ်လာပြီ ဖြစ်သည်။ သို့သော်

"အင်း … ကျယ်တော့ကျယ်ပါတယ်၊ ဒါပေမယ့် တစ်မျိုးပဲ ပုံမှန်အသံနဲ့ပြောလို့ မရဘူးလား"



"ဒါ ပုံမှန် အသံပဲလေ"

ဖြစ်နိုင်ပါ။ ဘယ်သူမှ ထိုတရှီးရှီးတရှဲရှဲနှင့် ကက်ဆက်ချေးကပ်သလို အသံမျိုးမရှိနိုင်။ တမင် အသံဖျက်ပြောနေတာပဲ ဟုထင်သည်။

"မဖြစ်နိုင်တာဗျာ၊ ခင်ဗျားနောက်နေတာ မဟုတ်လား၊ ဒါမှမဟုတ် ဖုန်းသရဲဖြစ်ရမယ်"

"ဟုတ်တယ်။ ငါဖုန်းသရဲပဲ"

"ဟာ …ညကြီးမင်းကြီး ဖုန်းသရဲလာ လုပ်နေရတယ်လို့ဗျာ၊ သူများတကာအိပ်ချိန်ဗျ။ ခင်ဗျား သက်သက် ဒုက္ခလာပေးတယ်ဗျာ"

ဒေါသမဖြစ်မိသော်လည်း ဘာကြောင့်ရယ်မသိ။ ဖုန်းတော့ မချဖြစ်မိပါ။

"သက်သက် ဒုက္ခပေးတာ မဟုတ်ပါဘူး၊ ငါ ဒီမှာ ချမ်းလွန်းလို့ပါ"

"ဘယ်မှာလဲဗျ"

"သစ်ပင်ပေါ်မှာလေ"

www.burmeseclassic.com

www.burmeseclassic.com



''သစ်ပင်ပေါ်မှာ! ခင်ဗျားက ဒီအချိန်ကြီး သစ်ပင်ပေါ် ဘာ တက်လုပ်နေတာလဲ''

သူ့စော့်စိတ်ထဲ နောက်နေသည် ထင်လာသဖြင့် ထိုသို့ ပြောလိုက်ခြင်းဖြစ်ပါသည်။ သို့သော် တုံ့ပြန်လာသော စကားကမူ ထူးခြားနေ၏။

''ငါတစ်သက်လုံး ဒီမှာပဲနေတာပဲ''

''သစ်ပင်ပေါ်မှာနေရအောင် ခင်ဗျားက ဘာ သတ္တဝါမို့လဲ''

''ပြောပြီးသားပဲ သရဲလေ၊ ဖုန်းသရဲ''

''သြော်…ဟား ဟား ဟား အကောင်းအောက် မေ့လို့ နားထောင်နေတယ် လာနောက်နေတာ ကိုး၊ ကျုပ်ကို သရဲခြောက်နေတာပေါ့ ဟုတ် လား''

''ဆိုပါတော့''

''ဒါဆိုကောင်းပါပြီဗျာ၊ ခင်ဗျားဘယ် သစ် ပင်ပေါ်မှာနေတာလဲ ပြောပါဦး''

''မင်းတို့ အိမ်နားက ကုက္ကိုလ်ပင်ပေါ်မှာ''



အိမ်ပြင်ဘက်ရှိ ကုက္ကိုပင်ဆီမှ လေပြင်းတိုက် သလို ဝေါကနဲ တစ်ချက်လှုပ်ယမ်းသွားသည်။ မျက်စိ အကြည့်က ကုက္ကိုပင်ဆီတစ်ဘက်ချပ် ရောက်သွားရင်း ကျောထဲ စိမ့်ကနဲ ဖြစ်သွား၏။

သို့သော်

''နေပါဦး၊ သရဲဆို … ခင်ဗျားက သရဲအထီး လား အမလား ကျုပ်က သရဲမဆိုမှ စကား ပြောချင်တာ၊ အထီးတွေဆို ကြည့်မရဘူး''

''ဟုတ်တယ် ငါက သရဲမ''

''ဟာ ပွတာပဲ၊ သရဲမဆိုတော့ ခင်ဗျားက ချောလား''

''ချောအောင်ပြချင်ရင်ရတာပေါ့၊ ဒါပေမယ့် မင်းမျက်မှန်ချွတ်ကြည့်မှရမယ်''

အခု သူမျက်မှန်တပ်ထားတာကို ဘယ်လိုများ သိနေသလဲဟု အံ့သြမိသည်။ သို့သော် သူမျက်မှန် သမားမှန်းသိလို့ ရမ်းပြောတာနေမှာပါလေဟု တွေး လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မျက်မှန်တပ်ကြည့်ရင် ဘာဖြစ်လို့လဲ"

"မင်းလန့်ပြီးသေသွားမှာပေါ့"

"ခင်ဗျားက သိပ်အရုပ်ဆိုးလို့လား"

"တခြမ်းကတော့ မဆိုးပါဘူး၊ ကျန်တဲ့ တစ်ခြမ်းက မြေမြှုပ်ထားတုန်းက လောက်တွေစားလို့ ကုန်ပြီ"

"ဟင်! သစ်ပင်ပေါ်မှာဆို ... ဘယ်နှယ့် မြေကြီးထဲရောက်သွားပြန်တာလဲ"

"သေသေချင်းမြေကြီးထဲမှာပေါ့၊ နောက်မှ အလောင်းထဲဖုတ်ကောင်ဝင်လို့ သစ်ပင်ပေါ် ရောက်လာတာ"

တော်တော်ရှာရှာကြံကြံ နောက်တတ်တာပဲဟု သူခော် တွေးမိသည်။ တကယ်ကြီးကို တိတိကျကျ လျှောက်ပြောနေ၏။

"ကဲ ... ဟုတ်ပါပြီ။ သရဲမရယ်၊ ခင်ဗျားက ဘာကိစ္စ ကျုပ်ဆီဖုန်းဆက်ရတာလဲ"

"ငါ မင်းဆီလာမလို့"

သူခော် ရယ်မိပြန်၏။ ခုထိနောက်နေသည်



ထင်ဆဲ ဖြစ်သည်။

"အခုလာမှာလား"

"ဟုတ်တယ်၊ ငါကုက္ကိုပင်ပေါ်မှာ မနေချင်တော့ဘူး၊ မင်းဆီလာခဲ့မယ်"

"ကဲ လာဗျာ၊ လာချင်လဲလာခဲ့...ဒါပဲ မဟုတ်လား၊ ဖုန်းချလိုက်တော့မယ်နော်"

သက်သက် အိပ်ပျက်အောင် နောက်နေတာပဲဟု ထင်သည်။

စကားစ မြန်မြန်ပြတ်အောင်ပြောဆို ဖုန်းချလိုက်၏။ ပြီးစလွယ်ချခြင်းဖြစ်၍ ဖုန်းအိမ်ပေါ်ဖုန်းခွက် သေချာမရောက်သည်ကိုပင် သတိမထားလိုက်မိ။

ဟိုဘက်က တစ်ခုခုပြောလိုက်သေးသည်ဟု ထင်သည်။ သို့သော် မကြားလိုက်မိ။

ထို့ကြောင့် မျက်မှန်ကိုလည်း ချွတ်မထားလိုက်မိပါ။

အိပ်ခန်းဆီ ခပ်သွက်သွက်လှည့်အလျှောက် မှာပင် ကုက္ကိုပင်မှ ဝေါကနဲ အသံထပ်ကြားရ၏။ တဆက်ထဲပင် ထိုအသံသည် သူတို့ အိမ်ရှေ့တံခါးမဆီ

www.burmeseclassic.com



ရောက်လာလေ၏။

လေတိုက်တာလဲ မဟုတ်။ ကားတစ်စင်းအပြင်း ဖြတ်သွားစဉ် ကြားရသော အသံမျိုး ဖြစ်သည်။

အံ့သြပြီး အိမ်ရှေ့တံခါးမကြီးသို့ လက်နှိပ် ဓါတ်မီးဖြင့် ထိုးကြည့်မိသည်။

ပထမ ဘာ ထူးခြားမှုမှ မမြင်။

သို့သော် ချက်ချင်းပင် တံခါးမကြီးကို တဖြည်း ဖြည်းဖောက်ထွင်း ဖြတ်သန်း၍လာသော သဏ္ဍာန်တစ်ခု မြင်လိုက်ရလေ၏။

မျက်မှန်အောက်မှ သူဇော့်မျက်လုံးအစုံ ပြူး ကျယ်ဝိုင်းစက်သွားသည်။

တဖြည်းဖြည်းကြည့်နေရင်းကြည့်နေရင်း ထို သဏ္ဍာန်မှာ တံခါးအတွင်း သေသေချာချာရောက်လာပြီး ပီပြင်သထက် ပီပြင်လာ၏။

တိတ်ဆိတ်သော ညအမှောင်တွင် "အား" ကနဲ အော်လိုက်သော သူဇော့် အသံနက်ကြီးက ဖုံးလွှမ်း၍ သွားလေ၏။

(ဇော်ရှိန်ဝေ)



တစ်ချို့ ... ညလယ်ခေါင်တွေမှာ
လူတွေအိပ်ကောင်းနေတုန်း
လာတတ်တဲ့ ဖုန်းတွေရှိတယ်။

ပုံမှန်ဖုန်းမြည်သံနဲ့ ခြားနားပြီး
နားမခံသာအောင် ဆိုးရွားလွန်းတယ်။
ထကိုင်လိုက်တော့လဲ
ဘာသံမှ မကြားရပြန်ဘူး၊

အဲဒီဖုန်းတွေကို ဆက်တတ်တာ
ဘယ်သူတွေလဲ?

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)



## (၁)

ဗြိတ္တာတို့တွင်
ဆာလောင်မွတ်သိပ်ခြင်းနှိပ်စက်သည်ဖြစ်၍
မခံရပ်နိုင်သဖြင့်
သူတစ်ပါးတို့စွန့်ပစ်အပ်သော
ထွေး၊ နှပ်၊ အန်ဖတ်တို့ကိုသာ
စားရသောပြိတ္တာတစ်မျိုး ရှိ၏။
ဝန္တာသပြိတ္တာဟုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူဇော် သေပြီတဲ့"

ထိုစကားသည် တစ်ယောက်စကား တစ်ယောက်နားဖြင့် တစ်ကျောင်းလုံးသို့ ပျံ့နှံ့၍သွားသည်။

တစ်ချို့က အံ့သြကြသည်။ တစ်ချို့လဲ တိတ်လန့်ကြ၏။

ထိတ်လန့်မိသူများတွင် ညီမင်းဆိုသော ကောင်လေးတစ်ယောက်က အပိုက်ဆုံးဖြစ်ပေလိမ့်မည်။

သူက အရမ်းကြောက်တတ်သူ မဟုတ်လား။

အစက နားစွန်နားဖျားသာ ကြားနေခဲ့သော သူဇော်၏ နာရေးသတင်းကို ကောင်လေးနှစ်ယောက်



ပြောနေကြသည်မှ ညီမင်း စုံစုံစေ့စေ့ကြားခဲ့ရခြင်း ဖြစ်ပါသည်။

ကျောင်းဆောင်ကော်ရစ်တာဒေါင့်ချိုးတွင် ကောင်လေးနှစ်ယောက်ပြောနေကြခြင်းဖြစ်၏။

တစ်ယောက်က ကော်ရစ်တာနံဘေးရှိ ဝရံတာ လက်ရမ်းပေါ်တွင် ခွထိုင်လျက်။ ကျန်တစ်ယောက် ကတော့ သူ့ဘေးတွင်ရပ်လျက်သာ ရှိနေလေ၏။

"သူဇော်တို့အိမ်ကို မင်း ရောက်သွားသေးလို့လား"

ထိုစကားသံကို ကြားလိုက်ရချင်းမှာပင် ညီမင်း ခြေလှမ်းတို့တုံ့ကနဲ ဖြစ်သွားရလေသည်။ ရောက်လက်စ နေရာတွင်ပင် ရပ်တန့် နားထောင် နေမိ၏။

ကော်ရစ်တာဒေါင့်ချိုး၏ တစ်ဘက်တွင် သူ ရောက်နေခြင်းဖြစ်၍ စကားပြောနေသော ကောင်လေး နှစ်ယောက်က သူ့ကို မမြင်ရပါ။

ရပ်နေသည့် ကောင်လေးက မေးသည်ကို ဝရံတာဘောင်ပေါ်ထိုင်နေသည့် ကောင်လေးက ခပ်

www.burmeseclassic.com



သွက်သွက်ပင် ပြန်ဖြေ၏။

"အေး၊ ငါ့မိဘတွေက သူ့မိဘတွေနဲ့ခင်တယ်လေ၊ ဒါ့ကြောင့် နာရေးသတင်းသွားမေးရင်းနဲ့ ရောက်သွားတာ"

"သူဇော်သေတုန်းက သူ့မိဘတွေ မရှိဘူး မဟုတ်လား"

"ဟုတ်တယ်… အလုပ်ကိစ္စနဲ့ ခရီးသွားနေကြတာတဲ့၊ နောက်နေ့ မနက်မှ ပြန်ရောက်တော့ တံခါးဝနားမှာ သူဇော် သေနေတာကို တွေ့ကြတာပဲ"

"အလောင်းကိုရော… သူ့အိမ်မှာပဲ ထားသလား"

"အေးလေ၊ ဒါကြောင့် ငါတွေ့ခဲ့တာပေါ့"

ညီမင်းစိတ်ဝင်တစားဖြင့် နားကို ပို၍စွင့်ထားလိုက်မိသည်။ ကောင်လေးနှစ်ယောက်က စကားဆက်ပြောနေကြ၏။

"တော်တော်ကြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေသလားကွ"



"ဟင်အင်း၊ သူ့ဟာ သူ အိမ်ထဲမှာ ဘာဒဏ်ရာဒဏ်ချက်မှ မရှိဘဲ သေတာပဲကွ ဘယ်ရုပ်ပျက်မလဲ"

"ဘာ ဒဏ်ရာဒဏ်ချက်မှ မရှိဘူးလား"

"အေးလေ …အဲ့ဒါကြောင့် အံ့ဩနေတာပေါ့၊ ဆရာဝန်ကတော့ နှလုံးသွေး ရပ်သွားတယ် ပြောတာပဲ၊ ဒါပေမယ့် ထူးဆန်းတာက …"

ကောင်လေးက စကားကိုခေတ္တ ရပ်တန့်လိုက်သည်။ ညီမင်းရော ဝရံတာနားရပ်နေသည့် ကောင်လေးပါ ခေါင်းတွေထောင်သွားမိကြလေ၏။

"ဘာထူးဆန်းတာလဲကွ၊ မြန်မြန်ပြောစမ်းပါ"

နားထောင်နေသူ ကောင်လေးက အလောသုံးဆယ်မေးသည်။ ပြောပြနေသူမှာ အသံအနည်းငယ်တိမ်ဝင်သွားကာ လေသံမသိမသာ တုန်ခါလျက်မှ …

"သူ့ မျက်နှာအမူအရာပဲ၊ တစ်ခါမှ လူတစ်ယောက်ရဲ့ ဒီလောက်ကြောက်ရွံ့နေတဲ့ မျက်

www.burmeseclassic.com

www.burmeseclassic.com



နှာအမူအရာမျိုး မတွေ့ဖူးဘူး၊ အရှမ်းကို အတိုင်းအဆမရှိ ပြင်းထန်တဲ့ ကြောက်လန့်စရာကို မြင် လိုက်မိတဲ့ မျက်နှာထားမျိုးပဲ၊ မျက်လုံးကြီးတွေက ပြူးလို့ … ပါးစပ်ကလဲ အဟောင်းသား၊ မျက်နှာပြင် အရေပြားအောက်က တဆတ်ဆတ်တုန်ပြီး ပေါက်ထွက်မတတ်ဖြစ်နေတဲ့ သွေးကြောတွေရဲ့ အရောက်ကို အခုတောင် မြင်နေသေးတယ်၊ အဲ့ဒီကြောင့်ပဲ သူသေသွားခဲ့တာနဲ့ တူတယ်''

''ဟင်''

✱



သူ့စကားဆုံးသွားသည့်အခါ ညီမင်းရော နားထောင်နေသူ ကောင်လေးပါ အာမေဋိတ်သံတစ်ခုကို ပြိုင်တူပြုမိကြ၏။ အသံချင်းရောနှောသွားသဖြင့် ညီမင်းအသံကိုကောင်လေးတွေ ကြားသွားခြင်းတော့ မရှိ။

''သူ့ဇော်မိဘတွေကရော ဘာပြောကြသေးလဲ''

ညီမင်းမေးချင်နေသော မေးခွန်းကို ကောင်လေးက မေးလိုက်ခြင်းပါပင်။

''သူတို့က ပူဆွေးနေတာပေါ့ကွာ၊ သားတစ်ယောက်လုံး သေသွားတော့ ဘာကိုမှ အရေး

www.burmeseclassic.com

www.burmeseclassic.com



စိုက်မိတော့ပုံ မပေါ်ဘူး၊ ဘာထူးခြားချက်ကိုမှလဲ သတိပြုမိတော့ပုံ မပေါ်ဘူးကွ"

"ဘာထူးခြားချက်ရော ရှိသေးလို့လဲ"

"သူဇော်တို့အိမ်က ဒရိုင်ဘာကြီးပြောတာပဲ၊ သူဇော်သေတာ တယ်လီဖုန်းနဲ့ တစ်နည်းနည်း ပတ်သက်မှုရှိလိမ့်မယ်တဲ့ကွ"

"ဘယ်လို၊ တယ်လီဖုန်းနဲ့ ...ဟုတ်လား"

"ဟုတ်တယ်...သူက သူဇော့် မိဘတွေနဲ့အတူ သူဇော့်အလောင်းကို အရင်ဆုံး စတွေ့ခဲ့ရတဲ့သူပဲ၊ အဲဒီညက သူဇော်ဟာ ဖုန်းပြောပြီး ထအလာမှာ သေသွားတာ ဖြစ်ရမယ်တဲ့"

"အဲဒါ ဘယ်လိုကြောင့် ပြောနိုင်တာလဲ"

"ဖုန်းခွက်ဟာ ဖုန်းအိမ်ကနေ ဘေးမှာ ကျနေတယ်လေ၊ ပြောပြီးသေချာ ပြန်မတင်သွားတဲ့ လက္ခဏာပေါ့၊ ပြီးတော့ သူဇော်လဲကျသေတဲ့ နေရာကလည်း ဖုန်းဆီကနေ ခြေလှမ်း ငါးလှမ်း ခြောက်လှမ်းအကွာ၊ ဖုန်းကို ကျောခိုင်းရက်



သားတည့်တည့်ပဲတဲ့"

"ဘယ်သူကများ ဖုန်းလှမ်းဆက်တာပါလိမ့်"

"အဲ့ဒီ ဒရိုင်ဘာကြီးက ဖုန်းခွက်ကို သွားနားထောင်ကြည့်သေးတယ်တဲ့"

"ဟုတ်လား တစ်ခုခုများကြားရသလားဟင်"

"ကြားရတယ်"

ညီမင်းရော နားထောင်နေသူပါ မျက်လုံးပြူးသွားပြန်၏။ ထိုကောင်လေး ပြန်မေးသည့် လေသံတွင်ပင် ကြောက်ရွံ့ရိပ်များစွန်းထင်းနေလေသည်။

"ဘာ ... ဘာတွေကြားရတာလဲဟင်"

"လူသံ၊ သူသံ ... သစ်ပင်လှုပ်ရှားသံ၊ ကားဟွန်းသံတွေပေါ့၊ ဒါပေမယ့် အဲ့ဒီအသံတွေက အပြင်မှာလဲ နည်းနည်းတော့ ကြားနေရတာတွေပဲ"

"ဘယ်လိုပြောတာလဲ"

"ညကထဲက သူဇော်နဲ့ ဆက်သွယ်ခဲ့တဲ့ ဖုန်း

www.burmeseclassic.com

www.burmeseclassic.com



လိုင်းဟာ အဲ့ဒီချိန်ထိ မပြတ်သေးဘူးဆိုတဲ့ သဘောပေါ့၊ ဟိုဘက်က ဖုန်းဆက်တဲ့သူက လည်း ဖုန်းကိုချထားခဲ့လို့လား တစ်ခုခုပဲ၊ ဒါ ပေမယ့် အဲဒီ ဖုန်းလှမ်း … ဆက်တဲ့နေရာဟာ သူဇော်တို့ အိမ်ပတ်ဝန်းကျင်ကပဲဖြစ်လိမ့်မယ်၊ ဒါကြောင့် သူဇော်တို့အိမ်ကနေ ဒီအတိုင်း ကြားရတာပေါ့''

''ဒရိုင်ဘာကြီးက ဘယ်နေရာက ဖုန်းဆက် တာလဲဆိုတာ ဆက်မစုံစမ်းဘူးလား''

''ဟင်အင်း … သူကိုင်ပြီး မကြာခင်မှာပဲ ဖုန်း လိုင်းပြတ်သွားတယ်''

''ဟိုဘက်က ဖုန်းချသွားတာလား''

''ဖုန်းလိုင်း လုံးဝကို ပြတ်သွားတာ၊ အော်တို ကို မဝင်တော့တာ''

နားထောင်နေသူ ကောင်လေးက ဘာမှထပ် မမေးတော့။ ညှိမင်းရောင် ကော်ရစ်တာ ထောင့်ချိုးတစ်



ဘက်မှ ကောင်လေးနှစ်ယောက်ပါ အတွေးကိုယ်စီဖြင့် ထိတ်ဆိတ်နေမိကြသည်။

သူတို့အာရုံတွင် ရစ်ဝဲစိုးမိုးနေမိသော အရာတစ်ခုသာရှိ၏။

ယင်းမှာ ကြောက်လန့်ခြင်းပင် ဖြစ်လေသည်။

www.burmeseclassic.com

အခန်း(၂)



စာဖတ်ပရိသတ်များအတွက်
စာရေးဆရာ ဒဿနကျော်ရွှာ ၏
"ပြိတ္တာ (၁၂)မျိုး" အကြောင်း
သိကောင်းစရာ

(၂)

ပြိတ္တာတို့တွင် မြွေကောင်ပုပ်၊
ခွေးကောင်ပုပ်၊ လူကောင်ပုပ်တို့ကို
စားရသော ပြိတ္တာတစ်မျိုးရှိ၏။
ကုဏပါသပြိတ္တာ ဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့တစ်နေ့လုံး၌ ညီမင်းမှာ ထိုအကြောင်းများကိုသာ တွေးတောတုန်လှုပ်နေမိသည်။

သူဇော်က သူတို့နှင့် တစ်ခန်းထဲသားမဟုတ်လား။

အတန်းထဲရှိ သူဇော်ထိုင်လေ့ရှိခဲ့သော ထိုင်ခုံသို့ပင် မကြည့်ရဲ။

အရေးထဲ အတန်းထဲရှိသူတွေကလဲ အားအားရှိ သူဇော့်အကြောင်းကိုသာ ပြောဆိုနေကြလေသည်။

စာသင်ချိန် တစ်ချိန်နှင့်တစ်ချိန်အကူး နည်းနည်းလေးအနားရသည်နှင့် 'သူဇော်' ဆိုသည့် နာမည်က



တစ်နေရာရာမှ ထွက်ပေါ်လာတတ်စမြဲ။

ထိုသို့ ထွက်ပေါ်လာတိုင်းလည်း ညီမင်းက နားစိုက်ထောင်မိမြဲ။ ထို့ကြောင့် ပိုကြောက်ရွံ့မိမြဲပင်ဖြစ်၏။

သူ့မှာ အိမ်သာပင် ထ မသွားရဲ။ အိမ်သာထဲမှာ တစ်ယောက်ထဲ ဖြစ်နေမှာ စိုးသည်။

ကြည့်လေရာရာ၌ ဖျတ်ကနဲ၊ ဖျတ်ကနဲဖြင့် သူဇော့် အရိပ်တွေပဲမြင်နေမိသလိုလို။

နေ့လည် မုန့်စားဆင်းချိန်မှာတော့ ညီမင်း ဘယ်လိုမှမနေနိုင်တော့ပဲ မနက်က ကော်ရစ်တာ ထောင့်ချိုးမှာ စကားပြောနေခဲ့သော ကောင်လေးနှစ်ယောက်ကို ရှာကာ မေးကြည့်မိလေတော့၏။

"ဟို . . . သူဇော်က ဘာဖြစ်လို့ သေတာလဲဟင်"

ညီမင်းက ရုတ်တရက်သွားမေးလိုက်သော အခါ ကောင်လေးနှစ်ယောက်အံ့သြပြီး တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ကြသည်။ သူ့စကားကို

www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး ထပ်ပြောရ၏။

"ဒီလိုပါ၊ မင်းတို့ မနက်က ကော်ရစ်တာမှာ သူဇော့် အကြောင်းပြောနေတာကို ငါကြားမိလို့ပါ၊ သူဇော်သေတာကလေ ဟို… မ … ကောင်းဆိုးရွားတွေ ဘာတွေနဲ့များ ပက်သက်နေသလား ဟင်"

ကောင်လေးက မခုံးကိုတွန့်၏။ ညီမင်းက ထစ်ငေါ့ထစ်ငေါ့ဖြင့်ပင် ဆက်မေးချလိုက်သည်။

"သရဲ ခြောက်ခံရတာလား"

သူ့စကားကြောင့် ကောင်လေးနှစ်ယောက်၏ မျက်လုံးများထဲတွင် ထိတ်လန့်သွားသော အရိပ်အယောင်များ ဖြတ်ပြေးသွားကြသည်။

"ငါတို့လဲ မသိဘူးကွာ"

"သူဇော် ဘယ်လိုသေတာလဲ၊ တခြား ဘာ ထူးခြား တာများတွေ့သေးလဲ ဟင်"

"မင်း မနက်က ငါတို့ပြောတာ ကြားလိုက်တယ် မဟုတ်လား"



"ကြားတော့ ကြားပါတယ်"

"အေး… ငါတို့လဲ အဲဒီလောက်ပဲ သိတာကွ၊ မင်းသိပ်သိချင်ရင်တော့ သူဇော့်ကို လိုက်မေးပါလား"

သူ့စကားကြောင့် ညီမင်း ဆတ်ကနဲပင် တုန်သွားမိသည်။

ကြောက်နေပါသည်ဆိုမှ ပြောရက်လေခြင်း။

သူတို့ကိုသွား မမေးမိရင် အကောင်းသားဟု နောင်တရသွားမိသည်။

www.burmeseclassic.com

# အခန်း(၃)



စာဖတ်ပရိသတ်များအတွက် စာရေးဆရာ ဒဉ္စယကျော်ဖြူ၏ "ပြဿာ (၁၇)မျိုး" အကြောင်း အသိကောင်းဖော

## (၃)

ပြဿာတို့တွင်
မခင့်ကိုသာစားရသော
ပြဿာတစ်မျိုးရှိ၏။
ဝှတဒါဒကပြဿာတု
ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com





ညီမင်းတို့အိမ်က ကျောင်းနှင့် သိပ်မဝေးလှပါ။

ဆယ်ငါးမိနစ်လောက် လျှောက်လျှင် သူတို့ အိမ်ကို ရောက်၏။ ထို့ကြောင့် အမြဲ လမ်းလျှောက် ပြန်နေကျ ဖြစ်သည်။

ယခုလည်း လမ်းတလျှောက်၌ တစ်ယောက်ထဲ အေးအေးလူလူ လျှောက်ပြန်လာရင်း ညီမင်း တော တောင်အီအီ တွေးမိလာသည်။

သူ့ အဖေနဲ့အမေ ဒီည အိမ်မှာရှိရင် သိ ကောင်းမှာပဲဟု တောင့်တမိ၏။

သူ့မိဘတွေက အိမ်ထောင်ရေး သိပ်အဆင်



မပြေ။

အမေက အဖေ့ကို အိမ်ထောင်ရေးဖောက်ပြန် သည်ဟု စွပ်စွဲသည်။

မယားငယ် ထားသည်တဲ့။

အမေကတော့ ညဉ့် အတော်နက်မှ အိမ်ပြန် လာတာတွေ။ တစ်ချို့ရက်တွေ လုံးဝပြန်မလာဘဲနေတာ တွေကို သူငယ်ချင်းတွေနဲ့ လျှောက်သွားနေခြင်းဖြစ် သည့်ဟု အကြောင်းပြ၏။

သူ့အမေကျတော့လည်း မထူး။

သူငယ်ချင်းတွေရဲ့ အိမ်တကာလည်ပြီး ဖဲရိုက် သည်။ အမြဲမိုးအတော်ချုပ်မှ ပြန်ပြန်လာတတ်၏။ ညီ မင်းကို အိမ်ဖော်မိန်းမကြီးနှင့်သာ ပစ်ထားကြလေသည်။

နှစ်ယောက်လုံး ထိုနေရာမှာတော့ လေသံက တညီထဲ။

"သားက အရွယ်ရောက်နေပြီပဲ၊ တစ်ယောက် ထဲ နေ့ရဲတယ် မဟုတ်လား"

တဲ့။ မနေရဲဘူးပြောလျှင်လည်း ပိုထူး မလာ

www.burmeseclassic.com



မည်မို့ ညီမင်း ခေါင်းသာ ညိတ်ခဲ့ရလေသည်။

ဘာပဲဖြစ်ဖြစ် အခုလိုကျောင်းမှာ ထိတ်လန့်စရာ ကြုံလာရသောနေ့မျိုးကျတော့ မိဘတွေကို အိမ်မှာ ရှိနေစေချင်လှတာ အမှန်ပါ။

ကြောက်သည်၊ မကြောက်သည်ထက်… သူ သိလာခဲ့သည့် ထူးခြားသော အဖြစ်အပျက်များကို မိဘနှစ်ပါးအား ပြန်ပြောခွင့်ရလျှင် ဘယ်လောက် ကောင်းမည်လဲ။

အတွေးစကို ညီမင်း ကမကတန်း ဖြတ်လိုက်၏။

နို့မို့ဆို ဝမ်းနည်းလာစီတော့မည်။

လိုစဉ်မှာပင်…

နောက်နားမလှမ်းမကမ်းဆီမှ အသံတစ်ခုကို ချက်ခနဲ ကြားလိုက်သဖြင့် ညီမင်းတစ်ယောက် ခေါင်းနပမ်းတွေ ကြီးသွားရလေသည်။

လျှောက်လက်စကိုရပ်ကာ

ညီမင်း သေသေချာချာနားစွင့်၏။



ဒီအခါကျတော့လည်း ဘာသံမှ မကြားရပြန်။

စိတ်ထင်တာများ ဖြစ်နေမလားဟု တွေးရင်း ဆက်လျှောက်ဖို့ ပြင်သည်။

ခြေလှမ်းအနည်းငယ်မျှ ရှေ့ဆက်သွားပြီးချိန်မှာပင်။ နောက်ဘက်က သစ်ကိုင်းခြောက်နင်းမိလိုက်သလို အသံတစ်ခုကို ကြားရပြန်လေသည်။

ဆတ်ကနဲ နောက်ဘက်ကို လှည့်ကြည့်၏။

ဘာကိုမှ မမြင်ရ။

သို့သော် သူ့နောက်မှ တစ်စုံတစ်ရာ လိုက်နေတာတော့ ကျိန်းသေနေပါပြီ။

ကျောင်းမှာ လူတွေပြောနေကြသော သူဇော် သေသွားသည့်အကြောင်းကို ချက်ချင်းပြန်သတိရလာမိ၏။

တစ်ကိုယ်လုံး ဆောချွေးတွေ ပျံလာမိသည်။

ခုအချိန်မှပဲ ဒီလမ်းကလည်း လူရှင်းလိုက်တာ လွန်ပါရော။ တစ်ယောက်ကလေးမျှပင် မမြင်ရ။

ဘာပဲဖြစ်ဖြစ် လူတစ်ယောက်တလေလောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိရင်တော့ စိတ်အားတက်စရာ ဖြစ်နိုင်သေးသည်ပေါ့။

ခြေကို ခပ်သွက်သွက်လျှောက်သည်။ နောက်မှအသံတိုးတိုးကလည်း ထပ်ချပ်မကွာလိုက်ပါလာ၏။

တံ့ကာနဲ ခေတ္တရပ်လိုက်သော် နောက်မှအသံကလည်း ရပ်သွားလေ၏။

အစွမ်းကုန် အားတင်းကာ နောက်ဘက်သို့ သေသေချာချာပြန်ကြည့်မိသောအခါ နောက်ဘက် ခပ်လှမ်းလှမ်း သစ်ပင်အုပ်သည့် လှုပ်ရှားမှုလိုလို မှုန်ခနဲ မြင်လိုက်ရလေသည်။

ဒီလမ်းမှာ သစ်ပင်ချုံနွယ်တွေကလည်း အတော် ရှုပ်လှသည်ပဲ။

ယခုမှဝင် အကြိမ်ကြိမ်အခါခါ သွားနေမိသော ဤလမ်းအား အပြစ်တွေ တစ်ခုပြီးတစ်ခု မြင်နေမိတော့၏။

ထိုစဉ်…

ခုန လှုပ်ရှားမှုလိုလိုမြင်လိုက်သော သစ်ပင် နောက်မှ ငိုသံလိုလို ဝီဝီသသ တစ်ခုကို ကြားလိုက်



ရချိန်မှာတော့

ညီမင်း ဘာမှ မစဉ်းစားနိုင်တော့ဘဲ

သုတ်ခြေတင် ထွက်ပြေးမိလေတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



သို့သော်

သစ်ပင်အောက်မှ ပေါ်ထွက်လာသည်မှာ

ညီမင်း ထိတ်လန့်မိသလို မကောင်းဆိုးရွား တစ်စုံတစ်ရာမဟုတ်ပဲ

သူတို့ အတန်းထဲမှ ကျောင်းသားတစ်ယောက်သာဖြစ်နေလေ၏။

"ဟား ဟား ငကြောက်ကြီးဟေ့ ငကြောက်ကြီး"

ကောင်လေးက လက်ခုပ်လက်ဝါးတီးကာ တဟားဟား အော်ရယ်၍ နေသည်။ ညီမင်းကြောက်



တတ်မှန်းသိ၍ တမင် ပုန်းလျှိုး ကွယ်လျှိုးဖြင့် လိုက်ခြောက်ခြင်းပင်။

ပြေးမိသည်ကိုရပ်ပြီး ညီမင်း ဒေါသအကြီးအကျယ် ဖြစ်သွားမိသည်။

"တောက်၊ မင်း မင်းကွာ"

စိတ်ဆိုးဆိုးဖြင့် ရန်တွေ့ရန် ထိုကောင်လေးဆီ ညီမင်း နောက်လှည့်ပြန်လျှောက်လာ၏။

ကောင်လေးကတော့ အားရပါးရ လှောင်ရယ်လို့ ကောင်းနေဆဲ။

ကောင်လေးနား ညီမင်းရောက်စဉ်မှာပင်

ခုနက ကောင်လေးထွက်လာခဲ့သော သစ်ပင်အကွယ်နေရာမှ ဒိုင်းသံတစ်ခုကို နှစ်ယောက်လုံး ထပ်ကြားလိုက်ရလေတော့သည်။

ညီမင်းက ကောင်လေးကို လက်ညှိုးထိုးရင်း

"မင်းက အဖော်အပေါင်းတွေနဲ့ပါ ငါ့ကို ဝိုင်းလှောင်တာပေါ့လေ"

"ဘာမှ အဖော်မပါဘူး ငါတစ်ယောက်ထဲ၊

www.burmeseclassic.com

www.burmeseclassic.com



မင်း ကြောက်တတ်မှန်းသိလို့ တမင် လိုက်ခြောက်တာ”

“ဒါဆို ခုနှ သစ်ပင်နောက်က ထွက်လာတဲ့ ငိုသံက …

ညီမင်း စကားသံမှာ ထစ်ထစ်ငေါ့ငေါ့ဖြင့် တပိုင်းတစ ရပ်တန့်သွား၏။ ကောင်လေးက မျက်လုံးပြူးရင်း

“အဲဒါ ငိုသံလား”

ဟု မေးသည်။

“အေးလေ မင်းမကြားဘူးလား၊ ခုနက တစ်ခေါက်ကြားသေးတယ်၊ အဲဒီနောက်ကနေ မင်းထွက်လာတော့ ငါက မင်းလုပ်တာ ထင်နေတာ”

“ဟင့်အင်း၊ ငါ ဘာသံမှ မပေးပါဘူး၊ မင်းနောက်ကနေ တိတ်တိတ်လေးပဲ လိုက်ခြောက်တာ”

“ဒါဆို …



ပြောပြောဆိုဆိုဖြင့် ညီမင်းရော ကောင်လေးပါ ခပ်လှမ်းလှမ်းသစ်ပင်ဆီ မျက်လုံးအပြူးသား လှမ်းကြည့်မိကြလေ၏။

ထိုစဉ်မှာပင် သစ်ပင်နောက်မှ နောက်ထပ်ငိုသံသဲ့သဲ့ ထပ်မံထွက်ပေါ်လာသောအခါ

နှစ်ယောက်လုံး

ပြိုင်တူပင်

ထွက်ပြေးမိကြလေတော့သည်။

www.burmeseclassic.com

# အခန်း(၄)



စာဖတ်ပရိသတ်များအတွက်
စာရေးဆရာ ဒဿမကျော်ဇွာ ၏
"ပြိတ္တာ (၁၇)မျိုး" အကြောင်း
သိကောင်းစရာ

## (၄)

ပြိတ္တာတို့တွင်
နေ့ညဥ့်ပတ်လုံး၌တွင်းမှ
မီးလျှံထွက်သောပြိတ္တာတစ်မျိုးရှိ၏။
အင်္ဂါရဇာလမုခပြိတ္တာဟု
ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တစ်ခုလုံးတွင် တိတ်ဆိတ်နေ၏။

တစ်ခါတရံ ညီမင်း လှုပ်ရှားမိသံများမှ လွဲ၍ ဘာသံမျှမရှိ။

နာရီကို ကြည့်မိတော့ ဆယ့်တစ်နာရီပင် ကျော်လာခဲ့လေပြီ။

ဒီနေ့လည်း ထုံးစံအတိုင်း ဖေဖေရော မေမေပါ အိမ်ပြန် နောက်ကျကြလိမ့်ဦးမည် ထင်၏။

သူဇော် သေသွားတာလဲ ဒီလို အိမ်မှာ တစ်ယောက်ထဲရှိနေချိန်မှာပဲဟု ညီမင်းတွေးလိုက်မိသည်။

ထို့ကြောင့်လဲ ပို၍ ကြောက်သွားမိ၏။



ဘာကြောင့်များ မိဘတွေက သားသမီးတွေကို အိမ်မှာ တစ်ယောက်ထဲ ချန်ထားချင်ရတာလဲ။

အထူးသဖြင့် ညအချိန်ဆိုသည်က မိသားစု အတူနေဖို့အချိန် မဟုတ်ဘူးလား။ ဒီလိုအချိန်မျိုးမှာ တစ်ယောက်ထဲ အိမ်မှာနေရတာကတော့ စိတ်မချမ်းသာစရာ ကောင်းလွန်းလှပါသည်။

သူ့အရှေ့မှာ ပတ်လည်ဝိုင်းကာ ပြန့်ကြဲနေ သောစာအုပ်များကို စိတ်မသက်သာစွာ ညီမင်း ငေးကြည့်နေမိသည်။

စာအုပ်တွေမှာပါသည့် အကြောင်းအရာက တစ်မျိုးတည်း။ သရဲ၊ တစ္ဆေအကြောင်းများချည်းပင် ဖြစ်သည်။

ညီမင်းမှာ အရမ်းကြောက်နေမိသည်။

ထို့ကြောင့်လည်း သရဲ၊ တစ္ဆေစာအုပ်တွေကို လက်လှမ်းမီသလောက် ဖတ်ကြည့်နေမိ၏။

သူ့အယူအဆက တစ်မျိုးဖြစ်သည်။

သရဲ၊ တစ္ဆေကို မကြောက်ဖို့ သရဲ၊ တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း စာအုပ်တွေကို ရှာဖတ်မိသည်။ ဒီလို စာအုပ်တွေထဲမှာ သရဲ၊ တစ္ဆေ၏ သဘော သဘာဝတွေကိုများ ရှင်းပြထားမလားဟု သူမျှော်လင့်မိ၍ ဖြစ်သည်။

သရဲ၊ တစ္ဆေ၏အကြောင်း သေချာသိမှ သူ့အား နည်းချက် ပျော့ကွက်နှင့် ရင်ဆိုင်နိုင်မည့်နည်းလမ်းများကို နားလည်ပြီး သရဲ၊ တစ္ဆေကို မကြောက်တော့မှာဟု ညီမင်း တွေးမိ၍ ဖြစ်ပါသည်။

သို့သော် စာအုပ်တွေသာ အများကြီးဖတ်ပြီးသော်လည်း သူလိုချင်သည်ကို ရှာလို့မတွေ့။

သရဲ၊ တစ္ဆေ၏ ကြောက်စရာကောင်းပုံများသာ ရေးထားသော်လည်း သရဲ၊ တစ္ဆေ၏ သဘာဝနှင့် ဘာကြောင့် သရဲ၊ တစ္ဆေ ဖြစ်လာရပုံများအား ရှင်းပြထားသည်ဟူ၍ မတွေ့ရ။

ညီမင်းဖို့ ပိုကြောက်လာရသည်သာ အဖတ်တင်လေတော့၏။

သူ့မိဘတွေကလည်း ခုထိလာပဲမလာနိုင်တော့။

တကယ်ဆို အိပ်ချိန်ကိုပင်တော်တော်ကျော်



လွန်ခဲ့လေပြီ။

ဒါပေမယ့် ညီမင်း မအိပ်ရဲ။

အိပ်လိုက်လျှင် အကာအကွယ်ကင်းမဲ့သွားမည့်ပမာ ခံစားမိ၏။

အာရုံပြောင်းလဲစရာကလည်းမရှိ။

တီဗီအစီအစဉ်ကလည်း ပြီးသွားပြီမို့ ညီမင်းအဖို့ ဘာလုပ်မယ်မှန်း မသိအောင်ပင် ဖြစ်နေလေတော့သည်။

ဝုန်းကနဲ

မတ်တပ်ထရပ်ကာ

ခေါက်တုံ့ ခေါက်ပြန် လမ်းထလျှောက်သည်။

စိတ်အတွေးတွေ သိပ်ပျံ့လွင့်မသွားစေချင်။

နှိမ့်ဆိုကြောက်သထက် ပိုကြောက်လာတော့မည် မဟုတ်လား။

သူ့လို ညပေါင်းများစွာ တစ်ယောက်ထဲ ဖြတ်သန်းရတတ်သော ကလေးတစ်ယောက် အဖို့ ကြောက်ရွံ့ခြင်းက အခုံးစွန်းထိ လွှမ်းမိုးမသွားစေဖို့

www.burmeseclassic.com



ကိုယ်ကိုကိုယ်တတ်နိုင်သမျှ အားတင်းနေတတ်တာတော့ အကျင့်တစ်ခု ဖြစ်နေလေပြီ။

သို့ဖြင့်

ညီမင်းတစ်ယောက်

မောပန်းလုမတတ်

ခေါက်တုံ့ ခေါက်ပြန်လျှောက်နေလိုက်မိသည်မှာ တယ်လီဖုန်းသံမြည်လာချိန်အထိပင် ဖြစ်သည်။

✸



တိတ်ဆိတ်သော ညဉ့်ယံကို ထိုးခွဲ ထွက်ပေါ်လာသော တယ်လီဖုန်းသံ စူးရှရှကြောင့် ညီမင်း ဆတ်ခနဲပင် တုန်သွားမိ၏။

သို့သော် ပျော်သလိုလဲ ဖြစ်သွားမိသည်။

သူ့အဖေ ဒါမှမဟုတ် သူ့အမေကများ ဖုန်းဆက်လာလေသလား?

ဘာပဲဖြစ်ဖြစ် ဖုန်းဆက်သူ တစ်ယောက်ယောက်ရှိပြီး စကားပြောဖော်ရှိတော့ အကြောက်ပြေသည်ပေါ့။

ဖုန်းခွက်ကို အလျင်အမြန်ကောက်ကိုင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အလောသုံးဆယ်ထူး၏။

“ဟယ်လို အမိန့်ရှိပါခင်ဗျာ”

တဆက်တည်းပင် သူ့အဖေ၊ အမေ တစ်ယောက် ယောက်သာဆိုပါက အမြန်ပြန်လာအောင် ပြောဖို့လည်း စိတ်ထဲက ရည်ရွယ်လိုက်မိသည်။

သို့သော် ဖုန်းဖြေသံ တစ်ခုမျှမကြားရပါ။

“ဟယ်လို အမိန့်ရှိပါ”

ညီမင်းဆက်ကာ ပြောသော်လည်း ဖုန်းခွက်ထဲမှအသံကတော့ တိတ်ဆိတ်နေဆဲ။

“ဟယ်လို ဟယ်လို”

နှင့် အတန်ကြာ ထပ်မေးပြီး မထူးခြားတော့မှ ညီမင်း စိတ်ပျက်လက်ပျက် ဖုန်းချလိုက်ရလေသည်။

ထိုစဉ်မှာပင် ကျောင်းမှာ ကြားခဲ့ရသော သတင်းစကားတစ်ခုကို ဖြတ်ခနဲသတိရလိုက်မိ၏။

“သူခေါ်သောတာ တယ်လီဖုန်းနဲ့ တနည်းနည်း ပတ်သက်မှုရှိလိမ့်မယ်”

တဲ့။



ထိုအကြောင်းကို သတိရမိလိုက်သဖြင့်လည်း ခဏအကြာ နောက်တစ်ခေါက် ဖုန်းမြည်လာသောအခါ ညီမင်း ထမကိုင်ရဲခဲ့ခြင်း ဖြစ်ပါသည်။

ဖုန်းသံက ဆက်ကာဆက်ကာမြည်၏။

ညီမင်းလုံးဝ သွားမကိုင်ရဲတော့။

အချိန်အတော်ကြာသည်အထိ ဖုန်းက ဆက်မြည်နေသောအခါ ဒီအဖြစ်သည် သွေးရိုးသားရိုး မဟုတ်မှန်း ညီမင်း ရိပ်မိလာလေ၏။

ဘယ်လိုလူကများ ပြန်ဖြေမည့်သူ မရှိသော ဖုန်းကို ဒီလောက်အထိကြာအောင် ဆက်ခေါ်နေမှာမို့လို့လဲ။

တစ်မိနစ်ပြီး

တစ်မိနစ်မှသည်

တစ်နာရီမျှအထိ အချိန်တွေ ကုန်လွန်သွားခဲ့၏။

ဖုန်းသံကတော့ ဆက်ကာမြည်နေဆဲ။

အခန်းထောင့်ကွေးလေးတွင် နံရံနှင့်ကျောပြားနေအောင် ဖိကပ်ထိုင်ကာ ညီမင်းကိုယ်ခန္ဓာလေး

www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ်တုန်နေမိသည်။

“တော်ပါတော့ ထပ်မမြည်ပါနဲ့တော့ ဖုန်းရယ်”

ဟု တုန်ရီစွာ အကြိမ်ကြိမ်တီးတိုး ရေရွတ်နေမိ၏။

ဖုန်းကတော့ သူ့တောင်းပန် တိုးလျှိုးသံကို ဥပေက္ခာပြုကာ အကြင်နာကင်းစွာ ဆက်မြည်နေဆဲ။

မကြားဝံ့တော့သည်မို့

အနားမှာတွေ့ရသော စက္ကူစကလေးများကို လုံးကာ နားနှစ်ဘက်ကို ညီမင်း ဆို့ထားလိုက်မိ၏။

မကြားရတော့သော်လည်း တယ်လီဖုန်းအိမ်မှ မီးနီကလေး လင်းခနဲ လင်းခနဲ ဖြစ်သွားသည်ကို ကြည့်၍ ဖုန်းဆက်မြည်နေမှန်းတော့ ညီမင်း ထိတ်လန့်စွာ သိနေခဲ့ရပါလေ၏။

စက္ကန့်တွေ

မိနစ်တွေ

နာရီတွေ တာတိတိကုန်ဆုံးသွားကြလေ၏။



ကြောက်ရွံ့မှုကတော့ အညှာအတာမဲ့စွာ လွှမ်းခြုံနေဆဲ။


တယ်လီဖုန်းနှင့် ညီမင်းလဲ

တစ်ညလုံး မအိပ်စက်ခဲ့ရပါချေ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၅)



ကြောင်မွေးမြူသူများအတွက်
ဆေးဆရာ ဒေါက်တာ [illegible] ၏
"ပြိတ္တာ (၃၇)မျိုး" အကြောင်း
သိကောင်းစရာ

(၅)

ပြိတ္တာတို့တွင် ကြီးသောကိုယ်၊
ရှည်သောလည်းဝင်း နှင့် ခံတွင်းကား
အပ်နှဖားပေါက်မျှသာ ရှိသောကြောင့်
ရသောအစာတို့ကို
နားပေါက်၊ နှာခေါင်းပေါက်တို့က
သွတ်သွင်းရသော ပြိတ္တာတစ်မျိုးရှိ၏။
သူစိစုခပြိတ္တာဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသည် ထုံးစံအတိုင်း ဆူညံပွက်လောရိုက်နေ၏။

ညီမင်းအဖို့တော့ လူတွေ ရှုပ်ပွနေသည်ကို ကြည့်နေရင်းက မမြင်သလို ဖြစ်နေမိ၏။

သူ အရမ်းအိပ်ငိုက်နေခဲ့သည်။

တစ်မနက်လုံး ဘာတွေသင်လို့ သင်သွားမှန်းပင် မသိတော့။

ခုလို မုန့်စားဆင်းချိန်မှာပင် ထမင်းတောင် ဟုတ်တိပတ်တိ မစားဖြစ်ပဲ စာသင်ခန်းထောင့် တစ်နေရာမှာ စားပွဲပေါ်ခေါင်းတင်လှဲကာ မှေးအိပ်နေမိ၏။



လူတွေကတော့ တဝေါဝေါဆူညံနေဆဲ ဖြစ်သည်။ မျက်စိသာမှိတ်ထားသော်လည်း လူသံတွေကြောင့် ညီမင်းမှာ အိပ်၍ မပျော်။

ဟိုနေ့က သူကျောင်းအပြန် လိုက်နောက်သော ကောင်လေး အနားမှ ဖြတ်သွားသည်ကိုပင် သိနေမိ၏။

ဖြတ်သွားရင်း ကောင်လေးက ယင်းနှင့်အတူ ပါလာသော တစ်ယောက်ကို ပြောသွားသည်။

"မနေ့ကလေ အဲဒီကောင်ကို ငါလိုက်နောက်တာ၊ ငါ့ကိုပြန်ပြီး သရဲခြောက်ခံရလို့ကွ"

"ဘယ်လို ဘယ်လိုမျိုးလဲကွ၊ ပြောပြပါဦး"

ကောင်လေးက အကြောင်းစုံပြောပြနေ၏။

ညီမင်းမှာ ဖားသိဖားသာပင် ဆက်အိပ်နေလိုက်သည်။ ကောင်လေးတို့အသံများ ဝေး၍ ဝေး၍ သွား၏။

နောက်ထပ်လူသူတွေ လျှောက်လာကြသည်ကိုလည်း ကြားမိ၏။

ကျောင်းမုန့်စားပြန်မတက်မချင်း ဆက်အိပ်နေမည်ဟု စဉ်းစားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မကြာခင်မှာပင် သူစဉ်းစားသည့် အတိုင်း မလုပ်နိုင်ခဲ့စေသည့် အဖြစ်အပျက်တစ်ခုမှာ ဖြစ်ပေါ်လာလေတော့သည်။

ကျောင်းနာရီစင်မှ

နာရီထိုးသံကို ကြားရအပြီးတွင် ဖြစ်သည်။

တစ်ချက်ချင်းထိုးသော နာရီသံကို ဘာရယ် မဟုတ်ပဲ ညီမင်း စိတ်မှတ်မဲ့ နားထောင်နေမိသည်။

ဆယ့်နှစ်နာရီထိုးသော နာရီသံဟု သိလိုက်၏။

သူတို့ ကျောင်းက ဆယ့်တစ်ခွဲနှင့် ဆယ့်နှစ် နာရီကြားတွင် မုန့်စားဆင်းသည်ပဲ။

တနည်းအားဖြင့် ယင်းနာရီသံမှာ မုန့်စား ကျောင်းဆင်းချိန်ပြီးဆုံးမည့်အကြောင်း အချက်ပေးသံ လည်းဖြစ်၏။

ထိုနာရီသံဆုံးသွားပြီးမကြာမီပင် ကျောင်းပြန် တက်ချိန် ရောက်ပြီဖြစ်ကြောင်း ဘဲလ် မြည်ပေ လိမ့်မည်။

နာရီသံချောင်းထိုးသံက



တစ်ချက်ခြင်း ရှည်လျားစွာ မြည်၍နေ၏။

ကျောင်းပြန်တက်ရန် လူတွေပြန်ပြေးဝင်လာ ကြသည်ကိုလည်း ကြားရသည်။

ဆယ့်နှစ်ချက်တိတိ

နာရီသံကို ကြားရအပြီးတွင်

ညီမင်းမှာ

တကိုယ်လုံး တဆတ်ဆတ်တုန်ယင် သွားရ လေတော့သည်။

ဝေါက်ခနဲထကာ

ဘေးဘီဝဲယာကို သူ ဝေ့ဝဲကြည့်၏။

မည်သည့် တယ်လီဖုန်းကိုမျှ မမြင်ရ။

သို့သော်

သူခုနက ကြားရသည်မှာ တယ်လီဖုန်းမြည် သံဖြစ်ကြောင်း လုံးဝကျိန်းသေပါသည်။

ထို့ပြင် ထိုဖုန်းသံမှာ သူတို့အိမ်မှ ဖုန်းမြည် သံဖြစ်ကြောင်းလဲ သူမှတ်မိနေခဲ့၏။

ဘယ်လိုလုပ်ပြီးများ သူတို့အိမ်က ဖုန်းမြည်

www.burmeseclassic.com

www.burmeseclassic.com



သံကို ဒီမှာ လာပြီးကြားနေရပါသလဲ။

စဉ်းစားဖြစ်မိခြင်းအား ဆက်မတွေးနိုင်ခင်မှာ ပင် နောက်ထပ် ဖုန်းသံတစ်ခုကို ထပ်မံကြားရပြန်လေ၏။

ညီမင်းအဖို့ နေရာမှ ငြိမ်ငြိမ်းထိုင်မနေနိုင်တော့။

၇ ဂမူးရှူးထိုး ပြေးထွက်ရင်း

တစ်ဖက်မှ လျှောက်လာသော ကောင်လေး နှစ်ယောက်ကိုပင် ဝင်တိုက်သွား မိခဲ့လေသည်။

✸



"မင်းတို့ကို ငါပြောစရာရှိတယ်"

ဆိုသော စကားကို ညီမင်းတစ်ယောက် အချိန်အနည်းကြာမှ တည်တည်ငြိမ်ငြိမ် ပြောနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

သူ ဦးတည်စကားပြောဖြစ်ခဲ့သည်က ခုနက သူ ဝင်တိုက်မိသော ကောင်လေးနှစ်ယောက်။

တိုက်ဆိုင်စွာပင် ထိုကောင်လေးနှစ်ယောက် မှာ ဟိုနေ့က သူ့ဖော်အကြောင်း အချင်းချင်းပြောပြ နေခဲ့သော ကောင်လေးတွေပင် ဖြစ်နေလေ၏။

ကောင်လေးတွေက ပထမတော့ ဝိုင်းဝင်စား

www.burmeseclassic.com

www.burmeseclassic.com



ပုံမရ။ ညီမင်းက တလေးတနက်အသံဖြင့် ထပ်ပြောရ၏။

"ငါ့မှာ ဒီကိစ္စတိုင်ပင်စရာဆိုလို့လည်း မင်းတို့ပဲ ရှိတာမို့လို့ ကျေးဇူးပြုပြီး သေသေချာချာ နားထောင်ပေးပါကွာ"

ကောင်လေးနှစ်ယောက်က အချင်းချင်းကြည့်ကာ ပခုံးတွန့်၏။ တစ်ယောက်ကတော့ နည်းနည်း စိတ်ဝင်စားလာပုံရသည်။

"ဘာကိစ္စမို့လို့လဲ"

ဟု မပွင့်တပွင့်မေး၏။

"မင်းတို့ ဟိုနေ့က သူခော်အကြောင်း ပြောတော့ သူခော်သေတာ ဖုန်းနဲ့ တနည်းနည်း ပတ်သက်နေလိမ့်မယ်လို့ ပြောတယ်လေ"

"အေး အဲဒါ ဘာဖြစ်လဲ"

"အခု ငါလဲ ဖုန်းနဲ့ ပတ်သက်ပြီး ထူးထူးခြားခြားတွေ ကြုံနေရလို့ကွ"

ထို့နောက် မနေ့ညက ကြုံရသည်များအား



ညီမင်းက အကျဉ်းချုံးကာ ရှင်းပြလိုက်သည်။

ကောင်လေးနှစ်ယောက် သိသိသာသာပင် လှုပ်လှုပ်ရှရှ ဖြစ်လာကြ၏။

"အဲဒါက မင်းကို တစ်ယောက်ယောက်ဖုန်းဆက်တာကော မဖြစ်နိုင်ဘူးလား"

"ဘယ်သူက ဒီလောက်အကြာကြီး ဖုန်းဆက်မှာလဲကွာ၊ ပြီးတော့ ဒါဟာ သွေးရိုးသားရိုး မဟုတ်မှန်း သေချာတာက ..."

ညီမင်း စကားကို ခေတ္တရပ်နားထားသော အခါ ကောင်လေးတွေ မနေနိုင်ကြတော့။

"ဆက်ပြောပါကွ"

ဟု ဆိုလေသည်။ ဘေးဘီဝဲယာ မျက်လုံးဝေ့ကြည့်ရင်း ညီမင်း ခပ်တိုးတိုးပြောမိ၏။

"... ခုနကတင် ငါ အဲဒီဖုန်းသံကို ထပ်ကြားတယ်ကွ"

"ဘာ၊ ဒီကျောင်းကြီးမှာ ဖုန်းသံ ထပ်ကြားရတယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒါကြောင့် ငါလန့်ပြီးပြေးရင်း မင်းတို့နဲ့ တိုက်မိတာပေါ့"

ကောင်လေးတွေ ထိတ်လန့်သွားကြ၏။

"ဖုန်းသံက မင်းနောက်လိုက်လာတဲ့ သဘော မျိုးပေါ့"

ဟု တစ်ယောက်က မေးသည်။ နောက်တစ်ယောက်ကတော့ ကြောက်စိတ်ကို တာရှည်လက်ခံထား ချင်ပုံမရ။

"ညက ဖုန်းကတော့ ဘယ်လိုဖြစ်တယ် မသိဘူး၊ အဲဒီဖုန်းကြောင့် အိပ်မရတာနဲ့ အခု နေ့လည်မှာ မင်း ဖုန်းသံကို ကယောက်ချောက်ချားပြန်ကြားရတာရော မဖြစ်နိုင်ဘူးလား"

"လုံးဝ မဖြစ်နိုင်ဘူး၊ ငါက နှစ်ခါတိတိ ကို ထပ်ကြားရတာ"

ကောင်လေးတစ်ယောက်က မျက်လုံးလေးပြူးနေ၏။ နောက်ကောင်လေးတစ်ယောက်ကတော့ သိပ်လက်မခံချင်ဟန် ခေါင်းတယမ်းယမ်း လုပ်နေလေသည်။

BURMESE CLASSIC .com

# အခန်း(၆)

www.burmeseclassic.com

www.burmeseclassic.com



[illegible]

## (၆)

ဗြိတ္တာတို့တွင်
ရေအာလွှနိုင်ထော်သောအဖြစ်နှင့်
ဆင်းရဲကြီးစွာသောကိုယ်နှ့ထွက်လျက်
မီးယောင်ငုတ်နှင့်ထူသော
ဗြိတ္တာတစ်မျိုးရှိ၏။
ထကျောင်ထောဗြိတ္တာတု ခေါ်သည်။



ကောင်လေးနှစ်ယောက်၏ အမည်မှာ ထက်ပိုင်နှင့် ဇင်သက်တို့ဖြစ်ကြောင်း မကြာခင်မှာပင် ညီမင်းသိခဲ့ရသည်။

ဟိုတစ်နေ့က ထူးဆန်းသော တယ်လီဖုန်းသံအကြောင်းပြောပြစဉ် သိပ်လက်မခံချင်သလို အမူအရာပြခဲ့သည်မှာ ဇင်သက် ဖြစ်၏။

သို့သော်

နောက်တစ်နေ့ နံနက်မှာပင် ဇင်သက်က ညီမင်းအား ထိုအကြောင်း စဆွေးနွေးလေတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆီကိုလည်း မနေ့ညက မင်းကြုံခဲ့သလိုပဲ ကြောက်စရာကောင်းတဲ့ ဖုန်းတစ်ခုလာတယ်"

ညီမင်း စိတ်ဝင်စားသွားမိ၏။

"မင်း ကိုင်လိုက်မိသေးလား"

"အေး၊ အဲဒါ ငါ့အမှား ဖြစ်သွားခဲ့တာပေါ့"

"ဘာဖြစ်လို့လဲ"

"ဖုန်းထဲကနေ ကြောက်ကောင်းတဲ့ အသံကြီး ကြားရတယ်ကွ"

"ဘယ်လို အသံကြားတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ ပထမဆုံး ငါ ကောက်ကိုင်လိုက်တုန်းကတော့ ဘာသံမှ မကြားရဘူး ဒါနဲ့ငါ ပြန်ချလိုက်တယ်၊ ခဏနေတော့ ဒုတိယ တစ်ခါ မြည်လာပြန်ရော၊ ထပ်ကိုင်တော့ ဘာသံမှ မကြားပြန်တာနဲ့ ပြန်ချထားမယ် အလုပ်မှာ အသံခပ်တိုးတိုးလေးနဲ့ ပြောတာကြားလို့ နားစိုက်ထောင်တော့… **ငါ့ကို ကယ်ပါ၊ငါမသေသေးဘူး၊ ငါ့ကို အခေါင်းထဲ ထည့်ပိတ်ထား**



ကြတယ် ဆိုပြီး ပြောနေသံကြားရတယ်"

ညီမင်းရော အနားမှာ နားထောင်နေသည့် ထက်ပိုင်ပါ ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြ၏။

ဇင်သက်က သူတို့ကို တစ်ချက်ကြည့်လိုက်ပြီးမှ စကားကို ပြန်ဆက်သည်။

"… အစကတော့ ငါ သိပ်ထူးခြားမယ်မထင်မိဘူး၊ ဒါပေမယ့် သူကအဲဒီစကားကိုပဲထပ်ခါတလဲလဲ ပြောတယ်၊ ပြောရင်း ပြောရင်းကလဲ အသံကြီးက တဖြည်းဖြည်း အော အော်ပြီး လိုက်လာတာ၊ နောက်ဆုံးကျတော့ လူသံတောင် မသဲကွဲတော့ဘူး သတ္တဝါကြီး တစ်ကောင်ကောင် နာနာကျင်ကျင် ရေရွတ်နေသလိုမျိုးပဲ၊ ကြောက်စရာကြီး"

ထိုစကားအရောက်၌ ညီမင်းကိုယ်လေး ဆက်ခနဲပင် ဖြစ်သွားမိသည်။

"မင်း မင်းက ဘာလို့ ဆက်နားထောင်နေတာလဲ၊ ဖုန်းချထည့်လိုက် ပြီးရော"

www.burmeseclassic.com

www.burmeseclassic.com



“အဲဒီတုန်းက ငါရုတ်တရက် ဖုန်းချဖို့တောင် မေ့နေတာကွ၊ အရမ်းကြောက်လာတော့မှ ငါ ဖုန်းချလိုက်တယ်၊ အဲဒီမှာ ပိုဆိုးတော့တာပဲ”

“ဘာ ဘာဖြစ်လို့လဲ”

“ဖုန်းက ထပ်မြည်တယ်လေ၊ ငါ ဖုန်း ပလပ် ဆွဲဖြုတ်လိုက်တယ်၊ ဒါပေမယ့်ကွာ သိပ်ထူး ဆန်းတာပဲ၊ ပလပ်ဖြုတ်ပြီးတဲ့အထိ ဖုန်းက ထပ်မြည်နေဆဲမို့လို့ ငါ ငါ ဘယ်လိုမှ စိတ် မထိန်းနိုင်တော့ဘူး”

“မင်းဘယ်လိုဖြစ်သွားလဲဟင်”

ထိုစကားကိုတော့ ထက်ပိုင်က ဝင်မေးခြင်း ဖြစ်သည်။ ညီမင်းမှာတော့ အသက်ပင် မရှူနိုင်အောင် နားစွင့်နေမိဆဲ။ ဇင်သက်က စိတ်လှုပ်ရှားစွာ ဆက် ပြောလေ၏။

“ငါတစ်ခါတည်း ကိုယ်စိတ် ကိုယ်မထိန်းနိုင် အောင် ဖြစ်သွားတော့တာပေါ့၊ ဖုန်းအိမ်ကြီး ကို ဆွဲယူမပြီး ပစ်ပေါက်ခွဲ ပစ်လိုက်တယ်



ပါးစပ်ကလည်း သွေးရူးသွေးတမ်းနဲ့ ဘာတွေ လျှောက်ပြောနေမိမှန်း မသိဘူး၊ တကယ်လို့ အဲဒီတုန်းကသာ ငါတို့ အိမ်သားတွေ နိုးမလာ ရင် ငါတောင် တစ်ခါတည်း ရူးသွားမလား မသိပါဘူးကွာ”

ဇင်သက်စကားဆုံးသွားသည့်အခါ ညီမင်းမှာ တကိုယ်လုံး ချွေးတွေပျံနေသည်ကို တွေ့ရလေ၏။ ထက်ပိုင်ကတော့ ဇင်သက်ကို လက်ညှိုးထိုးရင်း

“မင်း မင်းပြောနေတာတွေက တကယ်ဟုတ် ပါတယ်နော်၊ နောက်နေတာတော့ မဟုတ်ပါ ဘူးနော်”

ဟု သံသယမကင်းစွာ ရေရွတ်လေသည်။

ညီမင်းကတော့ တစ်ခွန်းသာ မေးလိုက်မိ၏။

“မင်းဆီ ဖုန်းလာတာ ဘယ်အချိန်လဲ”

“ည ဆယ့်နှစ်နာရီတိတိမှာကွ”

ဖျပ်ခနဲ … သူ့ဆီ ဖုန်းလာခဲ့တာလဲ ထိုအချိန် လောက်မှာပဲဟု အမှတ်ရသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းသံသည် ဆယ့်နှစ်နာရီတိတိအချိန်နှင့် တနည်းနည်းတော့ ပတ်သက်နေလေပြီ။

ထိုအချက်အား အတည်ပြုနိုင်စေသော ကိစ္စတစ်ရပ်သည်လည်း မကြာခင်မှာပင် ဖြစ်ပေါ်လာခဲ့၏။

၀ံ နေ့ နေ့လည် ဆယ့်နှစ်နာရီတိတိ အချိန်တွင် မနေ့ညက ဖုန်းထဲတွင် ကြားခဲ့သော အသံများအား ဇင်သက် တစ်ယောက် ထူးဆန်းစွာ နားနှင့်ဆတ်ဆတ် ထပ်ကြားလိုက်ရခြင်းကြောင့်ပင် ဖြစ်လေသည်။

## အခန်း(၇)

www.burmeseclassic.com



[illegible]
[illegible]
"ပြိတ္တာ (၁၇)မျိုး" အကြောင်း
သိကောင်းစရာ

# (၇)

ပြိတ္တာတို့တွင် အလွန်ရုပ်ဆိုး၍
မကောင်းသော ကိုယ်နံ့ထွက်လျက်
စီးလောင်ငုတ်နှင့်တူသော
ပြိတ္တာတစ်မျိုးရှိ၏။
ထုန်ရှာမတပြိတ္တာဟု ခေါ်သည်။



ကြောက်မက်ဖွယ် တယ်လီဖုန်းသံနှင့် ပတ်သက်၍ နောက်တစ်ကြိမ် ထပ်ကြုံရသူမှာတော့ ထက်ပိုင်ပင် ဖြစ်လေသည်။

သူတွေ့ကြုံရသည်များမှာ ဇင်သက်နှင့် သိပ်မကွာခြားလှ။ သို့သော် သူ ကြားရသောစကားသံမှာ အနည်းငယ်ပြောင်းလဲနေလေ၏။

"ငါကိုတော့ သူမသေသေးဘဲ အခေါင်းထဲ ထည့်ပိတ်ခံထားရလို့ လာကယ်ပေးပါလို့ ပြောတယ်ကွ"

ဇင်သက်က မျက်လုံးပြူးသွားရင်း

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါတို့သွားကယ်မှ ဖြစ်မှာပေါ့"

ညီမင်းကတော့ လက်မခံနိုင်ပါ။

"မင်းတို့ပြောချင်တာက တို့ဆီဖုန်းဆက်တာ ကြောက်စရာ သရဲ၊ တစ္ဆေတွေ ဘာတွေ မဟုတ်ပဲ ဒုက္ခရောက်နေတဲ့ လူတစ်ယောက်က ဆက်တာလို့ ထင်တယ်ပေါ့"

ဇင်သက်က ခေါင်းညိတ်သည်။

"အေးလေ၊ ခုအတိုင်းဆို အဲဒီလို ယူဆရတော့မှာပဲ"

"မဖြစ်နိုင်ဘူး၊ ငါတို့ဆီ ဖုန်းဆက်တာ သက်ရှိထင်ရှားလူတစ်ယောက်တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ညီမင်းပြောသည်ကို ထက်ပိုင်က တွေးနေပုံရ၏။ ဇင်သက်ကတော့ …

"ဘာလို့လဲကွ"

ဟု ဖွင့်မေးသည်။

"မင်းတို့ပဲ စဉ်းစားကြည့်လေ၊ လူသာဆိုရင်



တစ်ယောက်ထဲဆီပဲဖုန်းဆက်မှာပေါ့ အခုလို တစ်ယောက်ပြီး တစ်ယောက်ဆီ ဘယ်ဆက်နေမလဲ"

"ပြောလို့တော့မရဘူးလေကွာ၊ ဒါဟာ သူဟာသူ အဆင်ပြေတာဆီဆက်ရင်း တိုက်ဆိုင်သွားတာလဲ ဖြစ်နိုင်တာပဲ"

ညီမင်းကတော့ ဘယ်လိုမှ လက်မခံနိုင်သေးပါ။

"တစ်နေရာရာမှာ လှောင်ပိတ်မိနေတဲ့သူက ဖုန်းဆက်လို့ ရမလားကွ မဖြစ်နိုင်တာ"

"ဒါတော့ ပြောလို့ မရဘူးလေကွာ တို့မှအကြောင်းအရင်းကို သေချာမမြင်ရသေးတဲ့ ဟာပဲ"

ထက်ပိုင်ကော ဇင်သက်ကပါ တစ်သဘောတည်းရှိနေသည့်အခါ ညီမင်း ငြင်းဆန်၍ မနေနိုင် တော့။

"ဒီတော့ မင်းတို့က ဘာလုပ်ချင်လို့လဲ"

ဟုသာ မေးမိလေ၏။ နှစ်ယောက်သုံးက

www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်သံတည်းပြောကြသည်။

"ဘာပဲဖြစ်ဖြစ် ငါတို့တွေ ဒီကိစ္စကို စုံစမ်း

ကြည့်တာတော့ ကောင်းလိမ့်မယ်နဲ့ တူတယ်"

ညီမင်းမှာ ခေါင်းသာညိတ်လိုက်မိသော်လည်း

သိပ်စိတ်မပါလှ။ သူက ကြောက်တတ်သူ မဟုတ်လား။

ပြီးတော့ ဒီလိုစုံစမ်းဖို့ကို တကယ်တမ်း

အကောင်အထည်ဖော်ဖို့မှာလည်း ပါးစပ်အပြောသာရှိ၍

ဖြစ်လာလိမ့်မည် မဟုတ်ဟု ထင်မိသည်။

သို့သော် မကြာမီမှာပင် သူတို့ ထိုကိစ္စအား

မလုပ်မဖြစ်စေသော အကြောင်းတစ်ရပ်မှာ ဖြစ်ပေါ်

လာခဲ့လေ၏။

၏၏၏၏၏

အခန်း(၈)

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ပရိသတ်များအတွက်
စာရေးသော ဒေသကျော်စွာ ၏
"ပြိတ္တာ (၁၀)မျိုး" အကြောင်း
သိကောင်းစရာ

(၈)

ပြိတ္တာတို့တွင် စားသွား၊
ငါးမျှားချိတ်နှင့်တူသော လက်သည်း၊
ခြေသည်းတို့ဖြင့် မိမိကိုယ်အင်္ဂါတို့ကုတ်ဖဲ့၍
အသားအသွေးကိုစားရသော
ပြိတ္တာတစ်မျိုးရှိ၏။
သတ္တုဂ်ပြိတ္တာဟု ခေါ်သည်။

ထက်ပိုင်အဖို့ ထိုမျှ ထူးခြားသော အိမ်မက်မျိုးကို ...တစ်ခါမှ မမြင်မက်ခဲ့ဘူးပါ။

အိမ်မက်ထဲ၌ အလွန်အပြန့်အပြော ကျယ်လှသော အနက်ရောင်လွင်ပြင်ကြီး တစ်ခုထဲသို့ သူရောက်နေသည်။

တိတ်ဆိတ်စွာ ရပ်ရင်း ခြောက်ခြားဖွယ်အတွေးတို့ဖြင့် မှုန်းကြပ်နေစဉ် ...

အဝေးဆီမှ ဟဖြည်းဖြည်း လှမ်းလာနေသော သဏ္ဍာန်တစ်ခုကို သူမြင်ခဲ့ရလေသည်။

ကြည့်နေရင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ထိုသဏ္ဍာန်မှာ ပို၍ ပို၍ ပီသထင်ရှားလာသည်။

"ဟာ ဇင်သက်"

ထက်ပိုင် အသံထွက်ကာပင် ရေရွတ်လိုက်မိ၏။ သူ့ သူငယ်ချင်း ဇင်သက်ကို အိပ်မက်ထဲ၌ ထင်ထင်ရှားရှား မြင်တွေ့နေရသည်။

သို့သော်

ဇင်သက်၏ မျက်လုံးများက ဆန်းပြားနေ၏။

နီရဲကာ

အလျှံတငြီးငြီး ဝင်းဝင်းတောက်လျှက် မကောင်းဆိုးရွား တစ်ကောင်၏ မျက်လုံးများလို ဖြစ်နေလေသည်။

ထက်ပိုင်မှာ နောက်သို့ တလှမ်းချင်း တလှမ်းချင်း ဆုတ်သွားမိသည်။

ဇင်သက်ကတော့ မာကျောခက်ထန်စွာ လျှောက်ရင်း ရှေ့တိုးလာနေဆဲ။

လက်ဝါးကာပြ၍ ထက်ပိုင် တားမြစ်မိသည်။



"မလာနဲ့ မလာပါနဲ့၊ မင်းငါ့ဆီ မလာပါနဲ့"

ဇင်သက်က ပါးစပ်ဟ၍ တစုံတရာပြောသည်။ သို့သော် သူပြောသည်ကို သဲသဲကွဲကွဲ မကြားရ။

လူချင်းနီးလျက် အသံက အဝေးကြီးမှ လာသလို ထင်နေရ၏။

တဖြည်းဖြည်းနှင့် နီးကပ်လာသည်မှာလည်း မလှမ်းမကမ်းသို့ ရောက်လာလေပြီ။ သူက

"မလာနဲ့ မလာနဲ့"

ဟု ဆက်ပြောနေဆဲ။

ဇင်သက်ကလည်း သူမကြားနိုင်သော စကားများကို ပါးစပ်လှုပ်ရေရွတ်ရင်း ဆက်တိုးလာဆဲ ဖြစ်၏။

လက်တကမ်းအကွာသို့ ရောက်စဉ်မှာပင်

ဇင်သက်ပြောသော စကားကို ဝိုးတဝါးကြားလိုက်ရ၏။

ထူးဆန်းစွာပင် ထိုစကားသံသည် ဖုန်းထဲမှ သူကြားခဲ့ရသည်နှင့် တစ်ထပ်တည်း ဖြစ်နေလေ၏။

"ငါမသေသေးဘူး၊ ငါ့ကို ကယ်ပေးပါ ငါ

www.burmeseclassic.com

www.burmeseclassic.com



အခေါင်းထဲမှာ ရှိတယ်''

ထိုစကားကြားကြားချင်း၌ပင်

ထက်ပိုင်မှာ သွေးရူးသွေးတန်းဖြစ်သွား၏။

''အား''

ခံနဲ့အော်ရင်း ဇင်သက်ကို လှမ်းရန်ပြု၏။

သူ့လက်သည်းချက်များဖြင့် ကုတ်ဆွဲမှုမှာ ဇင်သက်မျက်နှာ တည့်တည့်ဆီသို့။

ချက်ချင်း

ဇင်သက်မျက်နှာပြင်၌ သွေးတို့ ချင်းချင်းနီသွားသည်။ ယခုမှပင် ပို၍ ကြောက်မက်ဖွယ်ကောင်းသွားတော့၏။

သို့သော် ဇင်သက်မှာ

ဆက်တိုးလာဆဲ။

ထက်ပိုင် ထိတ်လန့်စွာဖြင့် အားခေါင်ခြင်း အော်ဟစ်လိုက်မိသည်မှာ ....

အိမ်သားတွေလာနိုးသဖြင့်

သူလန့်နိုးသွားချိန်အထိပင် ဖြစ်သည်။

ဖြဿဿဿ

အခန်း(၉)

www.burmeseclassic.com



“ပြိတ္တာ (၁၇)မျိုး” အကြောင်း

# (၉)

ပြိတ္တာတို့တွင်
တောင်မျှသောက်ရှိသောကိုယ်မှ
နေ့ညဥ့် အခိုးထွက်လျက်ရှိသော
ပြိတ္တာတစ်မျိုးရှိ၏။
ပဇ္ဇလိတပြိတ္တာဟု ခေါ်သည်။



၁

ကျောင်းမှာ

ဇင်သက်ကို တွေ့တွေ့ချင်း၌ ထက်ပိုင် အရမ်း အံ့ဩသွားခဲ့သည်။

မျက်လုံးတို့ ပြူးကျယ်ဝိုင်းစက်ကာ စကားမ ပြောနိုင်အောင် ဖြစ်သွားခဲ့၏။ ဇင်သက်က ရယ်ရင်း

“ဘာဖြစ်တာလဲကွ ဒီကောင်”

ဟုပင် ပြောခဲ့သည်။ ထက်ပိုင်မှာ အထစ်ထစ် အငေါ့ငေါ့ဖြင့်

“မင်း မင်းမျက်နှာပေါ်က အစင်းရာကြီးက”

ဟု ရေရွတ်ရင်း လက်ညှိုးတယမ်းယမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလေ၏။ ဇင်သက်မှာ သူ့မျက်နှာသူ လက်ဖြင့် ပြန်စမ်းရင်း

"ငါ့ညက အိပ်ပျော်နေတုန်း ယောင်ပြီးကုတ်မိတာနဲ့ တူတယ်"

"မ-ကုတ်ဘူး မဟုတ်ဘူး၊ အဲဒါ ငါလုပ်တာ"

ဇင်သက် အံ့သြသွားသည်။

"ဘယ်လိုဖြစ်နိုင်မှာလဲကွ၊ ညက ငါ့အိမ်မှာ ငါအိပ်နေတဲ့ဥစ္စာ၊ မင်းနဲ့မှ မတွေ့တာပဲ၊ မနက်မိုးလင်းတော့ ငါ့မျက်နှာပေါ် အဲဒီအစင်းကြောင်းကြီး ဖြစ်နေတာ"

ထက်ပိုင်က သူအိပ်မက်သည်များကို အစအဆုံး ရှင်းပြလိုက်၏။ ဇင်သက်မှာတော့ ဝေခွဲမရနိုင်အောင် ဖြစ်နေဆဲ

"အေး ထူးတော့ ထူးဆန်းတယ်၊ ဒါပေမယ့် ငါကတော့ ညက မင်းကို အိပ်မက်မမက်မိပါဘူး"

ထိုဖြစ်ရပ်၏ အနက်အဓိပ္ပါယ် [illegible] အဖြေရှာ



မရနိုင်သေးခင်မှာပင် နောက်တစ်နေ့၌ အလားတူ ကိစ္စတစ်ရပ်ကို သူတို့ ထပ်ကြုံခဲ့ရပါလေသည်။

## ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)



ကြောင် (၁၇)မျိုး အကြောင်း
သိကောင်းစရာ

## (၁၀)

ကြောင်တို့တွင်
ဇဝါးကြီးမြွေနှင့်တူသော ကိုယ်နှင့်
နေ့ညဥ့်ကူညီလည်း၍
ဒုက္ခခံစားရနေသောကြောင်တစ်မျိုးရှိ၏။
အဇဂရုဂိကြောင်ဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ

အိပ်မက်မက်သူက ညီမင်းဖြစ်ပြီး အိပ်မက်ထဲမှ အတိုက်အခိုက်ခံရသူက ထက်ပိုင်ဖြစ်သည်။

မနက်လင်းတော့ ထက်ပိုင်မျက်နှာပေါ်တွင် အစင်းရာကြီးတစ်ခု ထင်နေခဲ့လေ၏။

ကျန်တာအားလုံးကတော့ ဟိုတစ်နေ့က အိပ်မက်သည်များနှင့် တထပ်တည်းပင်။

"တို့တွေ ဖုန်းထဲကကြားခဲ့တဲ့ အသံကို ဆက်ပြီး လှစ်လျူရှုနေလို့တော့ မဖြစ်ဘူးကော့ဘူး။ တကယ်လိုက်စုံစမ်းမှ ဖြစ်တော့မယ်"



ဒီတစ်ခါတော့ ညီမင်း၊ ဇင်သက်နှင့် ထက်ပိုင်တို့သုံးယောက်လုံး ထိုကိစ္စကို တညီတညွတ် သဘောတူသွားခဲ့ကြပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၀)



စာဖတ်ပရိသတ်များအတွက်
စာရေးဆရာ ဒေါ်ပယ်ကျော်မှာ ၏
"ပြိတ္တာ (၁၇)မျိုး" အကြောင်း
သိကောင်းစရာ

(၁၁)

ပြိတ္တာတို့တွင်
ရံခါကုသိုလ်ကံ၏အကျိုးအားဖြင့်
နတ်ဗိမာန်၌ နတ်စည်းစိမ်ကိုခံစားရ၍
ရံခါအကုသိုလ်ကံ၏အကျိုးအားဖြင့်
ဒုက္ခကိုခံစားရသော
ပြိတ္တာတစ်မျိုးရှိ၏။
ဝေမာနိကပြိတ္တာဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့မြို့ကလေးတွင် သင်္ချိုင်းကုန်း နှစ်ခုရှိ
ဇင်သက်ကပြောသည်။

"ငါတို့ ရှာရမယ့် သင်္ချိုင်းဟာ တယ်လီဖုန်း
နဲ့ တနည်းနည်း ပတ်သက်နေရမယ့်ကွ"

ထက်ပိုင်က ခေါင်းယမ်းရင်း

"မင်းကလဲ သင်္ချိုင်းထဲမှာ ဖုန်းရှိတာမျိုး ဘယ်
လိုလုပ်ဖြစ်နိုင်မှာလဲ"

"သင်္ချိုင်းထဲမှာ ဖုန်းမရှိပေမယ့် ဖုန်းတာဝါတိုင်
တော့ ရှိကောင်းရှိနိုင်တယ်လေ၊ အနည်းဆုံး
သင်္ချိုင်းနားကနေ ဖုန်းလိုင်းဖြတ်သွားတာမျိုး



ဖြစ်ဖြစ်ပေါ့"

ထို့ကြောင့်ပင် သင်္ချိုင်းနှစ်ခုလုံးအားရှာသည့်အခါ၌ သူတို့ထိုအချက်အား အဓိကထား၍ ရှာဖွေဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

ညီမင်းကပင်ပြောမိ၏။

"ဖုန်းလိုင်းတစ်ကြိုးလောက်က လျှော့ကျပြီး
သင်္ချိုင်းအုပ်ဂူတစ်ခုခုနဲ့ ထိနေတာမျိုးသာ တွေ့
ရင်တော့ ငါတို့ ရှာချင်တာ တွေ့ပြီလို့ပြောရ
မှာပဲ"

သို့သော်

ဘယ်သင်္ချိုင်းမှာမှ

ဖုန်းနှင့် ပတ်သက်သော ဘယ်အရာမှ ရှိမနေပါ။

သင်္ချိုင်းတစ်ခုစီ တစ်ခုစီကို လေးငါးခေါက်စီသွားရှာပြီးမှ သူတို့ လက်လျှော့လိုက်ကြ၏။

"ဒီကိစ္စက တို့ထင်သလောက် မလွယ်ဘူးနဲ့
တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



ညီမင်းကတော့ တောင့်တမိသည်။

"ဘာပဲဖြစ်ဖြစ် ငါတို့အတွက် သဲလွန်စ လုံ လုံလောက်လောက်ရရင် သိပ်ကောင်းမှာပဲ"

ဖဖဖဖဖဖ

အခန်း(၁၂)

www.burmeseclassic.com

www.burmeseclassic.com



“ပြိတ္တာ (၁၇)မျိုး” အကြောင်း

# (၁၂)

ပြိတ္တာတို့တွင်
ပြိတ္တာတို့အပေါ်၌
အကြီးအမှူးအရာ၌တည်သော်လည်း
ထမင်းအဖျော်တို့ကို
သုံးဆောင်ခြင်းငှာမစွမ်းနိုင်သော
ပြိတ္တာတစ်မျိုးရှိ၏။
ဇဟိဒ္ဓိကပြိတ္တာဟု ခေါ်သည်။



ထိုညမှာပင်

နောက်ထပ်သဲလွန်စတစ်ခုကို သူတို့ ထပ်မံရရှိခဲ့ကြပါလေ၏။

ယင်းမှာ

အိပ်မက်ဆန်သော်လည်း

အိပ်မက်မဟုတ်ဘူးဟုတော့ ညီမင်း ထင်ခဲ့မိလေသည်။

ညဦးပိုင်း၌

ညီမင်း စာဖတ်နေစဉ်တွင် ဖြစ်သည်။

စာကြည့်စားပွဲရှေ့တွင် ထိုင်နေစဉ် စိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



သရိုးသရီဖြစ်လာသဖြင့် နံဘေးဝဲယာသို့ ဟိုဟိုဒီဒီ လျှောက်ကြည့်မိ၏။

ညီမင်း၏ လက်ယာဘက် အိမ်နံရံဆီတွင် အလွန်ထူးခြားသော မြင်ကွင်းတစ်ခုကို မြင်တွေ့ရလေ၏။

မျက်လှည့်ပြသလို

ဒါမှမဟုတ် ပိတ်ကားပြင်ပေါ်သို့ ရုပ်ရှင်ဆလိုက်ဖြင့် ထိုးပြသလို

အသွင်မျိုးဖြစ်သည်။

ကြည့်နေရင်းမှပင် ဝိုးတဝါးသဏ္ဍာန်တစ်ခုသည် ညစ်ထုတ်ထွက်ပေါ်လာသလို တစ်စစပေါ် ထွက်လာလေ၏။

ပထမ ခြေဖဝါးအဖျားပိုင်းလေးမျှ စမြင်ရသည်။

ထို့နောက် စုံရပ်နေသော ခြေထောက်တစ်ခုသည် တဖြည်းဖြည်း ပီပြင်ထင်ရှားလာခဲ့လေ၏။

ခြေထောက်ဖြူဖြူကြီးတစ်စုံဖြစ်သည်။



ခြေဖဝါးများမှ ခြေသလုံး၊

နောက် ဒူး၊

ခါးနေရာနားထိ မြင်ရစဉ်တွင် လက်တစ်ဖက်ကိုပါ မြင်လာရလေ၏။

တစ်နေရာသို့ လက်ညှိုးညွှန်ပြနေသည်။

သူညွှန်ပြရာတွင် အနီရောင်မြေမျက်နှာပြင်နှင့် ပန်းအိုးကလေး လေးငါးလုံးခန့်ကို တွေ့ရသည်။

နံရံပေါ်တွင် အရိပ်ထင်ခြင်း ဖြစ်သော်လည်း ဝါကယ့်မြေသားကို မြင်ရသလို ခံစားရလေသည်။

တပိုင်းတစသာပေါ်သော အရိပ်သဏ္ဍာန်ရှင်က ဘာမျှမပြောသော်လည်း ညီမင်းသိစေလိုသည့် တနေရာရာကို ညွှန်ပြနေမှန်းတော့ နားလည်ရသည်။

ဘယ်နေရာလဲဟု သဲသဲကွဲကွဲမြင်ရအောင် ထကြည့်စဉ်မှာပင် ...

အရိပ်သဏ္ဍာန်များမှာ

ဖျတ်ကနဲ ပြန်လည် ပျောက်ကွယ်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ညီမင်းလည်း အိပ်ပျော်သလို ငိုက်မြည်းနေရာမှ လန့်နိုးလာခဲ့လေတော့သည်။

အခန်း(၁၃)

www.burmeseclassic.com

www.burmeseclassic.com



"မြေသားအနီရောင်နဲ့ ယန်းအိုးလေးငါးလုံးရှိတဲ့ သင်္ချိုင်းကုန်းကို ဘယ်မှာသွားရှာမလဲ"

ငြီးငြူလိုက်သော ထက်ပိုင်ကို ဇင်သက်က အံ့ရန်ကော ဟူသည့် အကြည့်ဖြင့်ကြည့်၏။

"ဒါဟာ သင်္ချိုင်းကုန်းမှာ ဟုတ်ချင်မှ ဟုတ်မှာပေါ့ကွာ၊ တခြားနေရာတစ်ခုခုမှာလည်း ဖြစ်နိုင်တာပဲ"

"အခေါင်းထဲမြှုပ်ထားခံရတယ် ဆိုကတည်းက သင်္ချိုင်းကုန်းမှပဲ ဖြစ်ရမှာပေါ့"

"ဒါကတော့ အပ်ချမတ်ချ ပြောလို့ မရဘူး

www.burmeseclassic.com

www.burmeseclassic.com



လေကွာ၊ ငါတို့ မမြင်သိနိုင်တဲ့ တခြား အကြောင်းတစ်ခုခုလည်း ရှိချင်ရှိနေနိုင်တာပဲ''

ဇင်သက်နှင့် ထက်ပိုင် ငြင်းခုန်နေကြသည်ကို ညီမင်းက ဝင်ဖြတ်လိုက်သည်။

''ကဲ ထားလိုက်ကြပါတော့ကွာ၊ ခု အရေးကြီးတာက မြေသားအနီရောင်နဲ့ ပန်းအိုးလေးငါးလုံးလောက်ရှိနေတဲ့ နေရာကို ရှာကြဖို့ပဲ''

''အဲဒါခက်တာပေါ့ကွ၊ မြို့က ဒီလောက် အကျယ်ကြီး ဥစ္စာ၊ မင်းပြောတဲ့နေရာကို တို့တွေ ဘယ်မှာ သွားရှာမလဲ''

ထက်ပိုင်စကားကြောင့် ညီမင်းလဲ အတွေးရခက်သွား၏။

''ဘာပဲဖြစ်ဖြစ် အဲဒီနေရာကို အပြင်မှာတွေ့ရရင်တော့ ငါသေသေချာချာကို မှတ်မိတယ်ကွ''

*



ရက်ပေါင်းများစွာကြာအောင်ပင် မြို့၏ နေရာအနှံ့အပြားသို့ သူတို့သုံးယောက် ရှာဖွေခဲ့ကြလေသည်။

သချိုင်းထဲမှနေရာများကိုတော့ ဗိုဗြီး ဂရုပြုကာရှာခဲ့သည်။

သို့သော် ညီမင်း အိပ်မက်ထဲမှ နေရာနှင့် အနည်းငယ်မျှလောက် ဆင်တူသည်ကိုပင် မတွေ့ရ။

''ငါတို့တော့ သက်သက်အရူးထမိနေပြီနဲ့ တူပါတယ်ကွာ''

ဟုပင် သူတို့တွေ ငြီးငြူမိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တွေ့မှ တွေ့တော့ပါမလားဟု စိုးရိမ်မိကြသည်။

တွေ့မယ့်တွေ့တော့လည်း လုံးဝ မျှော်လင့်မထားသည့်နေရာမှာ ဖြစ်နေလေ၏။

❧❧❧

အခန်း(၁၄)

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့

ဘယ်လိုမှ ကြိုတင်မျှော်လင့်မထားမိဘဲနှင့် ဖြစ်သွားခဲ့ရခြင်း ဖြစ်ပါသည်။

ဇင်သက်က သူ့အစ်ကို ခရီးထွက်မည် ဖြစ်သဖြင့် သူ့အစ်ကိုအိမ်မှာစောင့် အိပ်ရဖို့ရှိရာ သူငယ်ချင်းတွေကို အဖော်စပ်ခဲ့၏။

''ငါတို့တွေ ဟိုကိစ္စတိုင်ပင်ရင်းနဲ့ စာစုကျက်ကြရအောင်ကွာ''

ဟုဆိုသော် ထက်ပိုင်က လိုလိုလားလား သဘောတူ၏။

www.burmeseclassic.com

www.burmeseclassic.com



ညီမင်းကလည်း နို့မို့သာဆို သူ့အိမ်မှာ တစ်ယောက်ထဲဖြစ်နေမည်မို့

"ငါ ဘာလိုက်အိပ်မယ်"

ဟု ပြောခဲ့သည်။

ဇင်သက်အစ်ကိုက ဆက်သွယ်ရေးရုံးမှာ လုပ်သူဖြစ်၏။ ယခုအိမ်ကလည်း သူ့ရုံးမှ ပေးထားခြင်း ဖြစ်သည်။

နံဘေးကပ်လျက်ခြံတွင် ဆက်သွယ်ရေးစခန်းလေးပင် တွဲလျက်သားရှိ၏။

ထိုအိမ်ရောက်တော့ ညီမင်းစိတ်ထဲ တစ်မျိုးတစ်မည်ဖြစ်နေမိ၏။

ဘာမှန်းတော့ သူရေရေရာရာမသိ။

ဇင်သက်နှင့် ထက်ပိုင်ကိုပင် ထိုအကြောင်းပြောပြဖြစ်တော့

"အိမ်ပြောင်းအိပ်လို့ တစ်မျိုးဖြစ်နေတာ နေမှာပါကွာ"

ဟုသာ ဆိုလေ၏။



ရောက်တတ်ရာရာတွေ စုပြောကြရင်း ထိုညက သူတို့အတော် ညဉ့်နက်သွားသည်။

ထို့ကြောင့်ပင်

နောက်တစ်နေ့ နံနက်မှာ ဇင်သက်နှင့် ထက်ပိုင်တို့ အတော်နေမြင့်သည်အထိ အိပ်နေကြဆဲ ဖြစ်သည်။

ညီမင်းကတော့ အမြဲအိပ်ရာမှ စောစောထတတ်သူမို့ တစ်ယောက်ထဲ နိုးနေလေ၏။

✸

www.burmeseclassic.com

www.burmeseclassic.com



ခြံဝင်းထဲသို့ ညီမင်းလမ်းလျှောက်ထွက်ဖြစ်ခဲ့ခြင်းမှာ အကြောင်းပြေအညာပြေသဘော ဖြစ်ပါသည်။

သို့သော် အနည်းငယ်မျှ လျှောက်အပြီးမှာပင် သူ့ခြေလှမ်းများ ရုတ်တရက် ရပ်တန့်သွားရလေ၏။

ဘယ်လိုမှ မမှားနိုင်ပါ။

ဒီခြံ၏ မြေသားသည် သူအိပ်မက်လိုလို မြင်ခဲ့ရသော မြင်ကွင်းနှင့် ထပ်တူပင် ဖြစ်နေလေ၏။

စိတ်လှုပ်ရှားကာ တဖြည်းဖြည်းရှေ့တိုးလျှောက်သွားရင်း ညီမင်း ရင်ထဲ ဒိန်းခနဲ ဖြစ်၍ သွားသည်။



သူဟိုတစ်နေ့က မြင်ခဲ့သော မြေသားအနီရောင်နှင့် ပန်းအိုးလေးငါးလုံးခန့်ရှိသော မြင်ကွင်းကို ယခု မျက်ဝါးထင်ထင် တွေ့မြင်နေရပါလေပြီ။

"ဒီနေရာပဲဟေ့၊ ဒီနေရာပဲ"

အော်ရင်း နောက်ဘက်သို့ ညီမင်း လှည့်ပြေးသည်။ ဇင်သက်နှင့် ထက်ပိုင်ကို သူ သွားပြန်နိုးရန် ဖြစ်၏။

သို့သော် ထိုစဉ်

အိမ်ခြံတံခါးဝကို တွန်းဖွင့်ကာ လူကြီးတချို့ ဝင်ရောက်လာကြသည်ကို တွေ့လိုက်ရလေ၏။

"ဘာကိစ္စများရှိလို့လဲဟင် ဦး"

ညီမင်းအမေးကို လူကြီးတစ်ယောက်က ပြုံးရင်းပြန်ဖြေ၏။

"အိမ်သာတွင်းတူးမလို့ကွ၊ ဒီအိမ်ရဲ့ တွင်းဟောင်းက သုံးလို့မရတော့ဘူးဆိုလို့"

"ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့"

အိမ်နောက်ဖက်သို့ ထိုသူများ ဝင်သွားကြသည်

www.burmeseclassic.com



ကို ခေတ္တရပ်ကြည့်နေမိပြီးမှ ညီမင်းမှာ အိမ်ထဲသို့ ဆက်ပြေးဝင်လာခဲ့လိုက်သည်။

ဇင်သက်နှင့် ထက်ပိုင်ကို နှိုးပြီး အမောတကော ပြောပြသည်။

“ငါတွေ့ပြီကွ”

“ဘာကိုလဲ”

“ဟိုတစ်နေ့က အိမ်မက်လိုလို ငါတွေ့လိုက်တဲ့ မြင်ကွင်းလေ အဲဒါအခု ဒီခြံဝင်းထဲမှာ ရှိနေတယ်ကွ”

ဇင်သက်ရော ထက်ပိုင်ပါ ငေါက်ခနဲ ထထိုင်လာကြလေသည်။

ထိုနေရာဆီ မသွားခင်၌

ညီမင်းက အိမ်သာကျင်းတူးဖို့ လူတွေရောက်သည့်အကြောင်းကိုလည်း သူတို့ကို ပြောပြဖြစ်ခဲ့သေး၏။

ဇင်သက်က ဆတ်ကနဲ ဖြစ်သွားပြီး

“ငါ အကြံရပြီကွ”



ဟု ပြောလိုက်သည်။

ထက်ပိုင်နှင့် ညီမင်းက ပြိုင်တူလိုလို မေးကြ၏။

“ဘာလဲကွ”

“အိမ်သာကျင်းတူးဖို့ လာတဲ့သူတွေကို တို့တွေ အသုံးချရမယ်”

“ဘယ်လို”

“အခုပုံအတိုင်းဆို အဲဒီမြေကြီးရဲ့အောက်မှာ ငါတို့ရှာနေတဲ့အရာ ရှိမှာပဲ၊ ပြောနေကြာတယ်ကွာ၊ လာ သွားရအောင်”

သူငယ်ချင်းသုံးယောက်သား အိမ်ခြံနောက်ဖေးဘက်သို့ ပြေးကြလေ၏။

အိမ်သာကျင်းတူးမည့်သူတွေကို တွေ့သည်အခါ ဇင်သက်က မေးလိုက်သည်။

“ဦးတို့ကို ကျွန်တော့်အစ်ကို ခေါ်ထားတာလား ဟင်”

“အေးကွ၊ တို့တွေ အိမ်သာကျင်းတူးမလို့ လေ”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ဒါဆို တူးရမယ့် နေရာကို ကျွန်တော်တို့ လိုက်ပြမယ်လေ"

"တို့သိပြီးသားပါကွ၊ မင်းအစ်ကိုက ပြောထားပြီးသားပါ"

"မဟုတ်ဘူး ခင်ဗျ၊ သူက စိတ်ပြောင်းသွားပြီး တခြားနေရာ ပြောင်းတူးဖို့ပြောခဲ့တယ်၊ ကျွန်တော်တို့ကို အဲဒါမှာဖို့အတွက် လာစောင့်နိုင်းထားတာဗျ၊ လာ လာ တူးရမယ့်နေရာ ကျွန်တော်ပြမယ်"

ဖင်သက်က ညီမင်းကို မျက်ရိပ်ပြလိုက်၏။

ညီမင်းက အိပ်မက်လိုလို သူတွေ့ခဲ့သောနေရာသို့ ခေါ်သွားသည်။

လူကြီးတွေမှာ ဇဝေဇဝါဖြစ်နေသော်လည်း သူတို့က မှင်မောင်းကောင်းနေသဖြင့် သူတို့ပြသောနေရာကိုပင် တူးကြလေ၏။

✸



တစ်ချက်ပြီးတစ်ချက်

ပေါက်တူးချက်များမှာ

မြေအောက်သို့ တဖြည်းဖြည်းနက်ရှိုင်းလာခဲ့သည်။

ညီမင်းတို့ သုံးယောက်လုံး၏ရင်ထဲတွင် တစ်ချက်ပြီးတစ်ချက် ရင်ခုန်သံတွေ ပိုလို့မြန်လာခဲ့၏။

သုံးယောက်လုံး တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းဆုပ်ကိုင်ထားကြသည်။

အသက်ပင် မရှူဝံ့ကြ။

နားထဲ၌

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းထဲမှာ ကြားခဲ့ရသောအသံများကို ကြားယောင်မိသလို ရှိ၏။

ဤနေရာအောက်တွင် သူတို့ထင်ထားသော အရာ ရှိနေမည်လား။

ဘာလို့များ ဒီနေရာမှာ ရှိနေရတာလဲ?

တောက်လျှောက် သူတို့ ကြုံခဲ့ရသည်များ၏ အဆက်အစပ်ကရော ဘာလဲ?

သူတို့ သုံးယောက်၏ လွင့်မျောနေမိသော အတွေးများစွာသည် 'ဒုတ်' ခနဲ ပေါက်တူးသံတွင် ရပ်တန့်သွားရလေ၏။

အမာသား တစ်ခုခုကို ပေါက်တူး ထိတွေ့မိသဖြင့် ပေါ်ထွက်လာသော အသံမျိုး ဖြစ်သည်။

"အောက်မှာ တစ်ခုခု ခံနေတယ်"

ပေါက်တူး တူးသောလူကြီး၏ လှမ်းပြောလိုက်သံ မဆုံးခင်မှာပင် ညီမင်းတို့ သုံးယောက်လုံး ရှေ့သို့ အပြေးတက်ကာ ကြည့်ကြလေ၏။

စိတ်လှုပ်ရှားစွာဖြင့် ခေါင်းသက်က အော်သည်။



"ဆက်တူးပါ၊ ဆက်တူးပါ ဦး"

အတန်ကြာ ...

ပေါက်တူးဖြင့် မြေသားစများအား ဖယ်လိုက်သောအခါ ...

သူတို့တွေ့လိုက်ရသည်မှာ ...

"ဟာ အခေါင်းကြီးတစ်ခုပဲ"

ဒီနေရာ၌ ရှိနေကြသူအားလုံး အာမေဋိတ်သံ တစ်ခု ပြိုင်တူထွက်သွားကြလေ၏။

အခေါင်းဖုံးကို ကလန့်ကာ ဖွင့်လိုက်သောအခါ

အတွင်း၌ အလောင်းတစ်လောင်း။

လက်များက အခေါင်းနံရံအား ကုတ်ခြစ် တွန်းဖွင့်ထားသလို ကွေးညွတ် တွန့်ခေါက်လျက်။

သေဆုံးသွားခဲ့သည်မှာ အတော်ကြာမြင့် လှပြန်ဖြင့် အရိုးစုများသာ ကျန်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၅)

www.burmeseclassic.com

www.burmeseclassic.com



ဇင်သက်အစ်ကိုဖြစ်သူက ကြားဖူးသည်များကို ပြောပြ၏။

''ဒီနေရာဟာ အရင်က သင်္ချိုင်းဟောင်းကြီး တစ်ခုပဲ၊ ဒီအခေါင်းက သင်္ချိုင်းပြောင်းတုန်း ဘယ်လိုလုပ် မြေအောက်မှာ ကျန်ခဲ့တယ် မသိဘူး''

ဇင်သက်ကတော့ တွေးတွေးဆဆဖြင့်

''ဒီနေရာက တယ်လီဖုန်းနဲ့ အနီးဆုံးပဲလေ၊ ဒါကြောင့်ကိုး''

သူ့အစ်ကိုက သူပြောသည်ကို နားမလည်။



''အဲဒီနေရာကို မင်းတို့ ဘာလို့တူးခိုင်းကြတာ လဲ''

ဟု မေးသောအခါလည်း သူတို့ သုံးယောက်သားမှာ မဖြေပဲ တစ်ယောက်ကိုတစ်ယောက် အဓိပ္ပါယ် ပါပါ လှမ်းကြည့်မိကြလေ၏။

နံဘေး ဆက်သွယ်ရေးစခန်းရှိ ညစောင့်ကြီး ထံမှလည်း သူတို့တွေ အချက်အလက်တစ်ခုကို သိခွင့်ရခဲ့လေ၏။

''ဖုန်းစက်ခလုတ်ခုံထားကဲ့ အခန်းက ညဆို ရင် အမြဲပွင့်ပွင့်နေတတ်တယ်ကွာ၊ ငါမှာ မနက်တိုင်း ပြန်ပြန်ပိတ်ရတာ တဒုက္ခပဲ'' တဲ့။ သူတို့က

''အဲဒါ ညဆယ့်နှစ်နာရီတိတိမှာ ပွင့်ပွင့်နေ တတ်တာ မဟုတ်လား''

ဟုမေးသော် ညစောင့်ကြီး ပြန်မဖြေနိုင်။

''သိဘူးလေကွာ၊ မနက်တိုင်းကျရင်တော့ ပွင့် နေတာ တွေ့တာပဲ''

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆို အဲလို ပွင့်တော့မှာ မဟုတ်ပါဘူး ဗျာ"

ဟုသာ သူတို့တွေ နှစ်သိမ့်ဖြစ်ခဲ့၏။

ဟိုနေ့က တူးဖော်တွေ့ရှိသော အခေါင်းထဲမှ သူတို့ရခဲ့သောအရာ တစ်ခုရှိသည်။

လက်ပတ်နာရီလေးတစ်လုံးဖြစ်ပြီး ဆယ့်နှစ်နာရီတိတိအချိန်တွင် ရပ်တန့်နေလေ၏။

ထက်ပိုင်က ...

"သူ ဆယ့်နှစ်နာရီမှာ သေသွားခဲ့တာနဲ့ တူတယ်နော်"

ဟုဆိုသော် ညီမင်းက

"မသိဘူး၊ ဆယ့်နှစ်နာရီမှာ နာရီရပ်နေတာ ကတော့ ငါတို့ဆီ ဖုန်းတွေလာချိန်နဲ့ တိုက်ဆိုင်နေတယ်"

ဇင်သက်ကတော့ သနားဂရုဏာသက်ဟန်ဖြင့်

"မသေခင် သူတော်တော် ရုန်းကန်ခဲ့တယ်နဲ့ တူတယ်၊ သူ မသေသေးပဲနဲ့ သေပြီထင်ပြီး



လူတွေက အခေါင်းထဲ ထည့်မြှုပ်လိုက်ကြတာ နေမှာ၊ မျောနေရာက ပြန်နိုးလာတော့ သူ အတော် ရုန်းကန်ခဲ့မှာပဲ"

ထက်ပိုင်က

"အဲဒီကျမှ သူ တကယ် သေသွားခဲ့တာ ဖြစ်မယ်"

ဟု စကားကို လက်စသပ်လိုက်သည်။

ညီမင်းက သက်ပြင်းချရင်း

"ဘာပဲဖြစ်ဖြစ်လေ၊ အခုတော့ သူ လွတ် မြောက်သွားခဲ့ပါပြီ၊ ရှင်စဉ်က ကယ်သူနဲ့ မဆုံ ခဲ့ရပေမယ့် ခုလို တို့ လုပ်ခဲ့တာကလည်း သူ့အတွက် တနည်းနည်းတော့ အကျိုးပြုမှာ ပါပဲ"

"အေးလေ၊ အဲဒီလိုပဲ ဖြေသိမ့်ရတော့မှာ ပေါ့"

ထို့နောက် သူငယ်ချင်းသုံးဦးလုံး ဘာစကားမှ မဆိုပဲ ငြိမ်သက် နေမိကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာပင်

အခေါင်းထဲမှတွေ့ရသော အလောင်းကို မီးသဂြိုဟ်ဖြစ်ကြပြီး ယင်းအတွက် ရက်လည်ဆွမ်းသွပ်တရားနာခြင်းကိုလည်း လုပ်ဖြစ်ခဲ့ကြ၏။

ထိုအတွက်

ညီမင်း၊ ဇင်သက်နှင့် ထက်ပိုင်တို့က သူတို့မုန့်ဖိုးလေးများစုကာ ကမကထပြုလုပ်ဆောင်ကြခြင်းဖြစ်ပါသည်။

ဒဿကျော်စွာ

၁၅-၇-၂၀၀၈

နေ့လည် ၁၂း၅၄ နာရီ

# မုန်တိုင်းလွှန်အတွေးများ

ဒဿကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com



သိပ်ဆိုးရွားတဲ့ မုန်တိုင်းကြီးတစ်ခုကတော့ ကျွန်တော်တို့ရဲ့ဘဝတွေနဲ့ ခံစားတတ်တဲ့ နှလုံးသားတွေထဲ ကြမ်းရိုင်းစွာ မွှေနှောက်သွားခဲ့ပါပြီ။

မထိတ်ခင်ထဲက ယိုင်နဲ့နဲ့ ကျွန်တော်တို့ ဘဝတွေ ဗုန်းဗုန်းလဲပြိုကျခဲ့ရပေါ့။

ဆိုးလိုက်တဲ့ မုန်တိုင်း။ ကြမ်းလိုက်တဲ့ ကံကြမ္မာ။

ကိုယ်မနှစ်မြို့တဲ့ အဖြစ်တစ်ခုခုနဲ့ ကြုံတိုင်း ဒေါသနဲ့ တုံ့ပြန်တတ်တဲ့ ကျွန်တော့် အဖို့တော့ အခုလို သက်တမ်းတလျှောက်အကျည်းတန်ဆုံး ကိစ္စကြီးအတွက် ဘာကို ရမယ်ရှာလို့ရှာရမှန်းမသိ ဖြစ်နေခဲ့တယ်။

လက်သည်ပယောဂတစ်ခုခုရှာလို့ရရင် ကောင်းမယ်။



( ဒါဆို ကျွန်တော်ရဲ့ ထွက်ပေါက်မဲ့စိတ်တွေအတွက် လက်စားချေလို့ ရမယ်လေ။

အမှန်အတိုင်း ဝန်ခံရရင်တော့ တခြားကမ္ဘာ့နေရာဒေသတွေမှာ အခုလို သဘာဝဘေးအန္တရာယ်ကြီးကြီးမားမား ကြုံရတာမျိုး သတင်းမီဒီယာတွေမှာ တွေ့မြင်ဖူးခဲ့ပေမယ့် ခုလောက်မခံစားခဲ့ရိုး အမှန်ပါ။

တကျွတ်ကျွတ်နဲ့ စုတ်သပ်ဂရုဏာပွားခဲ့ဖူးပေမယ့် ထပ်တူတော့မခံစားမိခဲ့ဘူး။ သိပ်ထူးထူးခြားခြား မကြေကွဲမိပဲ ရှိခဲ့တယ်။

အခုဟာက ကိုယ့်ရေးကိုယ့်မြေပေါ်မှာ …

ကိုယ့်လို မျက်နှာပေါက်မျိုးတွေနဲ့ ကိုယ့်ဘာသာစကားနဲ့ ညီတွားမြည်တမ်းသံကို ကြားတဲ့အခါ ဘယ်လိုမှ ဆောက်တည်ရာမရတော့ဘူး။

ကိုယ်ပြောနေတဲ့စကားအသုံးအနှုန်းမျိုးတွေနဲ့ သူတို့ ကြုံတွေ့ရတဲ့ ဒုက္ခဆိုးတွေအကြောင်း ပြောပြတယ်၊ ကိုယ်မထိသော်လည်း မချိအောင်နာပါတယ်။

ဖန်ဆင်းရှင်ဆိုတာ လောကမှာရှိရင် ဘာကြောင့် ဒါလောက်ထိ သူ ရက်စက်ရသလဲလို့ မေးချင်တယ်။

www.burmeseclassic.com



မိန်းမတွေ၊ ကလေးတွေ၊ သက်ကြီးရွယ်အိုတွေမှ မထောက် ဘာကြောင့် ကြမ္မာဆိုးကို သူအပ်နှင်းခဲ့သလဲ?

အိုးမဲ့၊ အိမ်မဲ့၊ အနာဂတ်မဲ့တွေ …

မိမဲ့၊ ဖမဲ့၊ မိသားစုမဲ့တွေ…ဖြစ်အောင် သူ လုပ်ပစ်ချင်ရတဲ့ ရည်ရွယ်ချက်ကဘာလဲ?

အညှာအတာမဲ့ လောကကြီးကို နာကျည်းရင်း ကျွန်တော့်စိတ်ထဲ မေးခွန်းတစ်ခု ပေါ်လာခဲ့တယ်။ ကျွန်တော်တို့ဘဝမှာ ဒါမျိုးနောက်တစ်ကြိမ်ဆိုတာ ဘယ်တော့မှ မရှိအောင် ဘယ်လိုလုပ်ကြမလဲ?

မုန်တိုင်းဒဏ်ခံခဲ့ရသူတွေက ပြောတယ်။

လေပြင်းတိုက်ပြီး ရေတွေတက်လာတော့၊ ခါ တိုင်းလောက်ပဲလို့ ထင်တာ …တဲ့။ စိတ်လွတ်ကိုယ် လွတ်နေထိုင်မိကြသူတွေလဲ ရှိတယ်။ မုန်တိုင်းကြီးကျခါနီး နောက်ဆုံးနာရီအထိ လမ်းတွေပေါ်မှာ သွားလာတုန်း။

တကယ်တမ်းဆို ကျွန်တော်တို့ ကိုယ်တိုင်လဲ မုန်တိုင်းဟာ ဒီလောက်ဆိုးရွားတတ်မှန်း မသိခဲ့ပါဘူး။

ရန်ကုန်ရဲ့ ညနေခင်းမှာ လေပြင်းတွေကျစ အထိ လမ်းသလားနေမိသူတွေထဲမှာ ကျွန်တော်လဲ အပါ အဝင်ပေါ့။



ညနေနှောင်းပိုင်းလောက်က တိုက်တဲ့လေ ခပ်ပြင်းပြင်းကိုပဲ မုန်တိုင်းဆိုတာ ဒါပါလားလို့ အောက် မေ့မိတယ်။

သြော် ပြီးသွားပြီပဲလို့ စိတ်သက်သာရာရပြီး အိပ်ရာအဝင် နောက်တစ်နေ့ နံနက်မှာတော့ ကျွန်တော့် တို့ရဲ့သံယောဇဉ်နဲ့ မျှော်လင့်ချက်များစွာကို ဆုံးရှုံးခဲ့ရပြီ။

ဒီတော့ နောင်အနာဂတ်အတွက် ကျွန်တော် တွေးမိခဲ့တာက…

ဘယ်လို သဘာဝဘေးအန္တရာယ်ကိုမဆို ကျွန် တော်တို့ သေသေချာချာ နားလည်သဘောပေါက်အောင် လုပ်သင့်တယ်။

အန္တရာယ်တစ်ခုဟာ ဘယ်လောက်ထိ ကြီးမား နိုင်သလဲ? အဆိုးရွားဆုံး ဘယ်လောက်ထိ ဖြစ်သွားနိုင် သလဲဆိုတာ ကိုယ်တိုင်အရင်သိအောင်လုပ်ပြီး ပတ်ဝန်း ကျင်ကို ဖြန့်ဝေပေးမယ်။

ကျွန်တော်တို့လို ပညာတတ်လူငယ်လူရွယ်တွေ အနည်းနဲ့အများ ပြောရေးဆိုခွင့်ရှိနေတဲ့ စာပေသမားတွေ အတွက် ဒါဟာ နောက်လာမယ့်နေ့ရက်တွေမှာ မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မနေလုပ်ရမယ့် တာဝန်ပါပဲ။

နှမြောတာသစ္စာ ကျွန်တော်တွေးမိတယ်။

မုန်တိုင်းမကျခင်ကသာ လူတွေ တေးလွတ်ရာကို ယာယီရွှေ့ပြောင်းနေထိုင်မိကြရင်၊ ပစ္စည်းဥစ္စာနဲ့ ကျွဲနွားတွေကိုပါ စွမ်းသလောက် သယ်ပို့ပြောင်းရွှေ့မိကြရင် ဒီလောက်ဆုံးရှုံးမှုကြီးမှာ မဟုတ်ဘူးလို့ပါ။

ဒါမျိုးလုပ်ရမယ်ဆိုတာ လူတွေကို ကျွန်တော်တို့ မပြောပြနိုင်ခဲ့ဘူး။

တကယ်တော့ ကျွန်တော်တို့ ကိုယ်တိုင်ကလဲ သဘာဝဘေးအန္တရာယ်တွေနဲ့ ပတ်သက်ရင် အနှီတစ်ယောက်လို ထုံအခဲ့မိတာကိုး။

တကယ်တော့ မုန်တိုင်းဆိုတာ အဏုမြူဗုံးကွဲသလို ချက်ချင်းထဖြစ်တတ်တဲ့ အက်ဆီးဒင့်မျိုးမှ မဟုတ်တာ?

မြေငလျင်တွေလို ရှောင်မရ၊ ရှားမရတာမျိုးလဲ မဟုတ်ဘူး။

ကျွန်တော်တို့လို ပညာတတ်လူငယ်တွေက သာအထိုက်အလျောက် အမြော်အမြင်ရှိခဲ့ရင်၊ မျက်စိ



ပွင့်နားပွင့်ရှိခဲ့ရင် … လူတွေကို တတ်နိုင်သလောက်တော့ ဆော်ဩတားဆီးနိုင်မှာပဲလို့ ကိုယ့်ကိုယ်ကို မချင့်မရဲ ဖြစ်မိပါတယ်။

ဒီတော့ ဒီနေ့ကစပြီး သဘာဝဘေးအန္တရာယ်တွေအကြောင်း အလုံးစုံတတ်သိအောင် သင်ယူမယ်။ နောင်လာမယ့်နေ့ရက်တွေမှာ ပြင်းပြင်းထန်ထန်ဆော်ဩမယ်လို့ သန္နိဋ္ဌာန်ချခဲ့မိပါတယ်။

ကြီးကြီးမားမား ကြုံသွားနိုင်သည်ပဲ ဖြစ်စေ၊ ကံကောင်းလို့ ထင်သလောက်ဖြစ်မသွားသည်ပဲ ဖြစ်စေ … နောက်အခေါက်တွေမှာတော့ အရိပ်အယောင်လေးတွေ့တာနဲ့ ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေရမယ်။

ဘာမှဖြစ်မလာခင်၊ အန္တရာယ်ရိပ်တွေ သန်းမလာခင်ကတည်းက ကျွန်တော်တို့ ပြင်ဆင်စရာရှိသမျှတွေ ပြီးစီးအောင် ကြိုတင်ပြင်ဆင်ရပါမယ်။

ဒီနေရာမှာ ကျွန်တော်သိရတာလေးတစ်ခုကို တစ်ပါတည်း လက်ဆင့်ကမ်းချင်တာက အခုလို မုန်တိုင်းကြီး ပြင်းပြင်းထန်ထန်တိုက်တာ ရာသီဥတု အပြောင်း

www.burmeseclassic.com

www.burmeseclassic.com



အလဲကြောင့်လို့ ဆိုတယ်။

အရင်ကဆို ဒီလို မုန်တိုင်းမျိုးဟာ ကျွန်တော်တို့ဆီ မဝင်ပဲ တခြားနိုင်ငံတွေဘက်သာ ဦးတည်နေကျ မဟုတ်လား။

သူတို့တွေက သစ်ပင်တွေစိုက်၊ သစ်တောတွေ ထိန်းသိမ်းပြီး ရာသီဥတုကို တတ်နိုင်သမျှ ပြုပြင်ကြတဲ့အခါ မုန်တိုင်းဟာ လမ်းကြောင်းပြောင်းသွားခဲ့ရတယ်။

ကျွန်တော်တို့ဆီမှာက သစ်ပင်တွေ ကျဲပါးစပြုပြီး ပူလာတဲ့အခါ လေဖိအားနည်း ရပ်ဝန်းတွေက အသင့်ဖြစ်နေတတ်တာကိုး။ မုန်တိုင်းကို ဖိတ်ခေါ်သလိုဖြစ်နေတော့တာပေါ့။

ဒါကြောင့်

ဒီနေ့ကစပြီး ကျွန်တော်တို့ သစ်ပင်တွေ ပိုပြီးစိုက်ကြရအောင်။ ကုန်လွန်သွားတဲ့ နေ့ရက်တွေအတွက် အလွမ်းလက်စသိမ်းလို့ အနာဂတ်အတွက် တတ်စွမ်းသမျှ အကောင်းဆုံး ပြင်ဆင်ကြရအောင်လား။

ဘာပဲဖြစ်ဖြစ်

ကျွန်တော်တို့ မုန်တိုင်းကို အံမတုနိုင်ခဲ့ပေမယ့်



မုန်တိုင်းလွန်ကာလကိုတော့ ကျွန်တော်တို့ တွဲလက်တွေရဲ့ အစွမ်းနဲ့ တတ်နိုင်သလောက် အံတုခဲ့ကြတယ်။

ဒါဟာ ကျွန်တော်တို့အတွက် အားတက်စရာ အတွေးပါပဲ။

ကူညီဖို့၊ ကံဆိုးခဲ့ရဘဝတွေကို ဖေးမဖို့အတွက် ကျွန်တော်တို့ ခံစားချက်တွေချင်း၊ ရိုင်းပင်းတဲ့လုပ်ရပ်တွေချင်း၊ ပေါင်းဟပ်စပ်ယှက်မိကြပါပြီ။

ဒီပေါင်းစည်းမှုရဲ့ အင်အားကို ကျွန်တော်တို့ လိုချင်တဲ့အရာတွေ ရရှိနိုင်ဖို့အတွက် ဦးတည်အသုံးချကြရအောင်။

မုန်တိုင်းကြောင့် ကျွန်တော်တို့ နွမ်းဖျော့ခဲ့ကြတယ်။

ဒါပေမယ့် ဒီမုန်တိုင်းကြောင့်ပါပဲ ...

ဘယ်တုန်းကနဲ့မှ မတူအောင် ကျွန်တော်တို့တွေ စည်းလုံးခဲ့ကြတယ်။